mgyoe.com
SAMPLE BOOK

သန်းမြင့်အောင်

# ပြောလို့မကုန်သော ဝတ္ထုများ



mgyoe.com


mgyoe.com SAMPLE BOOK
mgyoe.com

COVER:NAYMYOSAY

mgyo'e.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ (၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - စက်တင်ဘာလ ၂၀၁၆ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး
တန်ဖိုး - ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ပြောလို့မကုန်သော
# ဝတ္ထုများ

## သန်းမြင့်အောင်

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၇၆၁၀၇၄၄၊ ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com
www.facebook.com/KantKawWutYeePublishing

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* သန်းမြင့်အောင် ၇

၁။ အကျော်တစောနဲ့ ပြောလို့မကုန်ပေါင် ၉

၂။ သဒ္ဒါရုံ ၄၅

၃။ အရောင်များကို လှယက်ခြင်း ၇၁

၄။ ရောင်စုံပန်းခင်း ၁၀၇

၅။ နိုင်ယာဒီဗင်ည ၁၂၃

၆။ ဘဝကို အရောင်ခြယ်ကြသူများ ၁၃၇

၇။ ရင်ငွေ့ပန်း ၁၅၃

၈။ ဆူးပန်းတစ်ပွင့်၏ သိပ်သည်းဆ ၁၆၃

၉။ ဘဝထဲက ချင်းတွင်းဝိညာဉ် ၁၉၁


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



# သန်းမြင့်အောင်

အမည်ရင်းမှာ သန်းသန်းမြင့် ဖြစ်၍ ၂၅-၉-၁၉၅၃ ခုနှစ်တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၌ အဖ ဦးချစ်အောင်၊ အမိ ဒေါ်ရင်ရွှေတို့မှ ဖွားမြင်သည်။

စာပေနယ်သို့ ၁၉၈၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် 'အထူအပါး' ဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ဝေခဲ့၍ ၄င်း'အထူအပါး' ဝတ္ထုကို ဂျပန်နိုင်ငံ ဒိုင်ဒိုဖောင်ဒေးရှင်းမှ ဂျပန်ဘာသာ ပြန်ဆို၍ 'အထူအပါးနှင့် အခြားဝတ္ထုတိုများ' စာအုပ်တွင် ထည့်သွင်းဖော်ပြ၍ ဂျပန်နိုင်ငံတွင် ထုတ်ဝေဖြန့်ချိခဲ့သည်။

ယခုအချိန်အထိ ဝတ္ထုတိုပေါင်းချုပ် ၁၂ အုပ်၊ လုံးချင်းဝတ္ထု ၅ အုပ်၊ ဆောင်းပါးပေါင်းချုပ် ၁ အုပ်နှင့် အခြားစာရေးဆရာများနှင့် တွဲဖက်၍ ဝတ္ထုလတ် ၁၅ အုပ်ခန့် ရေးသားထုတ်ဝေဖြန့်ချိခဲ့၍ ၂၀၀၂ ခုနှစ်တွင် 'သဏ္ဍာန်မဲ့ထုထည်' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ လူမှုရေးနှင့် ပရဟိတလုပ်ငန်းများကို စိတ်ပါဝင်စား၍-

- မိဘမဲ့ ကလေးများ ပြုစုပျိုးထောင်ခြင်း၊
- ပညာဒါနကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် လူငယ် ယဉ်ကျေးလိမ္မာ သင်တန်းများ ပို့ချခြင်း၊
- သွေးလှူရှင်အဖွဲ့များ ဖွဲ့စည်းလှူဒါန်းခြင်း၊
- HIV/AIDS ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊
- အနာကြီးရောဂါ ကာကွယ်ရေးနှင့် အနာကြီးရောဂါသည် မိသားစုများ၏ ဘဝရှင်သန်ရပ်တည်ရေး၊
- စိတ်ရောဂါ အထူးကုဆေးရုံကြီး၏ စိတ်ကုထုံးသစ် ရှာဖွေရေး၊

mgyoe.com

mgyoe.com SAMPLE BOOK


- HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရန် 'သုခရိပ်မြုံ' ဂေဟာ ထူထောင်ခြင်း၊
- ၂၀၁၀ ခုနှစ်တွင် 'ဆည်းဆာရိပ်' ဂိလာန ဘိုးဘွားရိပ်သာနှင့် 'အောင်' ဖောင်ဒေးရှင်း 'လူမှုဝန်းကျင်နှင့် ပရဟိတသင်တန်းကျောင်း' ကို ဖွင့်လှစ်၍ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ပရဟိတအသင်းများအား ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်၍ လူငယ်အရည်အသွေးမြှင့် သင်တန်းများကို ပို့ချပေးလျက် ရှိသည်။
- ၂၀၁၅ ခုနှစ်တွင် အနုပညာရှင်များနှင့် ပူးပေါင်း၍ သက်ကြီးအနုပညာရှင်များအတွက် 'အနုပညာဆည်းဆာရိပ်' ကို တည်ထောင်ခဲ့သည်။

မအူပင်မြို့ 'မေတ္တာရှင် အမျိုးသမီးမိဘမဲ့ဂေဟာ' နှင့် ပုလဲမြို့သစ် ရွှေနံ့သာ စံပြကျေးရွာရှိ 'ရတနာ မိဘမဲ့ဂေဟာ' များကို ဦးစီးစောင့်ရှောက်လျက် ရှိသည်။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် 'နှလုံးလှ ပရဟိတ' လူငယ် သွေးလှူရှင်အဖွဲ့၊ ပီနန်မြို့တွင် 'ဒါနကုသလ နာရေးကူညီမှုအသင်း' တို့အား ဖွဲ့စည်းခဲ့ပြီး ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ငွေစု/ငွေချေးဆိုင်ရာ ပညာရပ်များ၊ HIV/AIDS ရောဂါကာကွယ်တားဆီးရေး၊ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၏ အန္တရာယ်မှ ဘေးကင်းလုံခြုံရေးဆိုင်ရာ ပညာရပ်များကို သွားရောက်လေ့လာ ဆည်းပူးခဲ့၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အခြေခံလူမှုဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

၂၀၁၂ ခုနှစ်တွင် မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော် အရှင်ဇဝန၏ 'မေတ္တာရှင် စံပြပရဟိတဆု' နှင့်၊

၂၀၁၄ ခုနှစ်တွင် အမေရိကန်ရောက် မြန်မာများတို့မှ ချီးမြှင့်သည့် 'ပြည်သူ့ဂုဏ်ရည်ဆု' ကို ရရှိခဲ့သည်။

နာရေးကူညီမှုအသင်း(ရန်ကုန်)၌ ဒု-ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အကျော်တစောနဲ့ ပြောလို့မကုန်ပေါင်

**ထွန်းထွန်းကား**
**ယောကျ်ားတစ်ဆူ**
**ထိုသသူလျှင်**
**လူ၌သော်လည်း**
**ရနိုင်ခဲ၏။**

**(ကိုးခန်းပျို့)**

တစ်ရွာလုံး၏ အားထားရာ ကံကျောင်းဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီဟု ကြားသိလိုက်ရသည်နှင့် တပည့်ဒါယကာ၊ ဒါယိကာမအားလုံး ကြိမ်မီး အုံးသည့်နှယ် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်နှင့် အပူလုံးကြွလျက် ရင်ကွဲပက်လက် ဖြစ်ကုန်ကြတော့၏။

သက်တော် ၈၇ နှစ် ရှိပြီဖြစ်သော ငါ့သရောက်၊ မြောက်ကုန်းကျေးရွာအဝိုင်း အဝန်းရှိ လူသားတို့၏ မျိုးဆက်သုံးဆက်မျှလောက်ကို အစဉ်အဆက် စာပေနှင့် အသိ ပညာ ဖြန့်ဝေသင်ကြားခဲ့သော၊ လိမ္မာရေးခြားရှိအောင် ဗဟုသုတကြွယ်ဝအောင် သွန်သင် ဆုံးမခဲ့သော၊ အရပ်ရပ်အနယ်နယ်၌ ပညာတတ်အရာရှိ အရာခံများအဖြစ် မျက်နှာပွင့်နိုင်ခဲ့ သော အချို့ရွာသူရွာသားတို့၏ လက်ဦးဆရာဖြစ်ခဲ့သော၊ စာတတ်ပေတတ် အကျင့်သီလ သိက္ခာ သမာဓိနှင့်ညီသော ကျောင်းထိုင်ကိုယ်တော်များကို မွေးဖွားသန့်စင်ပေးခဲ့သူတည်း။

mgyoe.com

mgyoe.com

SAMPLE BOOK


အနီဆရာတော်မြတ်၏ ရုပ်ကလာပ်တော်သည်ကား ရွာသူရွာသားများအတွက် အဖိုးမဖြတ်နိုင်သည့် ရတနာရွှေအိုးအလား ထားစရာနေရာ မရှိအောင် ဗျာများကုန်ကြတော့သည်။

ဆရာတော်ဘုရားကြီး ကံတော်ကုန်သည့်သတင်းက ရွာသူရွာသားများ၏ ပါးစပ်ဖျားတွင်သာမက အနီးပတ်ဝန်းကျင်ရွာများသို့ပါ ပျံ့နှံ့လျက် ဆရာတော်၏ အရိပ်နှင့် မလွတ်ကင်းခဲ့ကြသည့် အဝေးရောက် တပည့်များဆီသို့ ဝတ္တရားအရ အကြောင်းကြားသူကြား၊ သားတပည့် ဆရာတော်များ သီတင်းသုံးသည့် မြို့များသို့ အပြေးအလွှား သွားလျှောက်သူလျှောက်၊ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အတွက် ယာယီစံကျောင်းဆောက်သူဆောက်၊ ရပ်ဝေးမှ ရောက်လာမည့် ဒါယိကာ၊ ဒါယိကာမများ၊ တပည့်တပန်းများ ရွာထဲမှာ မဆံ့လျှင် တည်းခိုရအောင် ကျောင်းဝင်းအတွင်း ယာယီဇရပ်များ ဆောက်သူဆောက်၊ ဧည့်ခံကျွေးမွေးရေးအတွက် လူစုသူစုနှင့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

ဆရာတော်ဘုရားကြီး ဂိလာနပုဂ္ဂိုလ်ဖြစ်ကတည်းက မပြတ်လာရောက်ပြုစုနေသော ပခုက္ကူကျောင်းတိုက်ဆရာတော်နှင့် ပဋ္ဌာန်းသိပ္ပံဆရာတော်တို့က ဆရာတော်ဘုရားကြီး၏ ဘုန်းကြီးပျံကို ခမ်းခမ်းနားနား ပြုလုပ်ရန် စီစဉ်ကြသည်။ ပခုက္ကူဆရာတော်လေးကား ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်နေသော်ငြား သက်တော်က လေးဆယ်ဝန်းကျင်သာရှိသေးသည်။ ဆရာတော်ဘုရားထံတွင် ငယ်စဉ်သာမဏေဘဝကတည်းမှ နေလာသော လက်ရင်းတပည့် ငယ်ဖြူပုဂ္ဂိုလ် ဖြစ်သည်မို့ ဘုန်းကြီးပျံ၏ စည်ကားရေးအတွက် ဧည့်ခံပူဇော်ရေးကို တာဝန်ယူပြီး ပဋ္ဌာန်းသိပ္ပံဆရာတော်ကတော့ သံဃာ့ဝေယျာဝစ္စ ပြဖွယ်အရပ်ရပ်ကို တာဝန်ယူသည်။

တည်တည်တင်းတင်းနှင့် စည်းကမ်းကြီးသော ပခုက္ကူကျောင်းထိုင် ဦးကောသလ္လကို သူနှင့်ရွယ်တူ ရှင်ပြုဖက် ဖြစ်ခဲ့ဖူးသည့် အသက်လေးဆယ်ပတ်ဝန်းကျင် အရွယ်တွေကအစ ကြောက်ကြသည်။ ရွာထဲတွင် ဦးကော…ဦးကော…နှင့် ဆရာတော့်ကွယ်ရာတွင် ပါးစပ်ဖျားကမချ။ ဦးကောပြီးလျှင် အရာရာပြီးသည်။ ဦးကောက ဒါဆို ဒါပဲ ဖြစ်သည်။ ယခု ဆရာတော်ဘုန်းကြီးပျံအတွက် ဦးကောက တစ်သက်တစ်ခါ တစ်ရွာလုံး၏ ကျေးဇူးရှင်ဖြစ်သော ဆရာတော်ကို ခြိမ့်ခြိမ့်သဲသဲ ပူဇော်လိုသူတွေကို ခေါ်ထုတ်သည့်အခါ တစ်ရွာလုံးပင် ထွက်ကြသည်။ သည်နှစ်မှ ရွာမှာ မြေပဲကလည်း အောင်သည်။ မြေပဲပေါ်ပြီးစမို့ ငွေကလည်း ရွှင်ကြသည်။ ထို့ကြောင့် ငွေအား လူအားများစွာဖြင့် အညာဒေသ ပုဂံမြေတစ်ဝိုက်မှာ သာသနာ့အာဇာနည်တစ်ပါးအတွက် သမိုင်းမှတ်တိုင်တစ်တိုင် စိုက်ရန် အားခဲကြတော့သည်။

ရွာထဲက ကျောင်းဆရာလေးတွေ မြို့တက်၍ အငြိမ့်ငှားသည်။ ယေင်ကျူးရန်မင်းသမီးနှင့် ဆိုင်းအဖွဲ့ကို သီးသန့်ခေါ်သည်။ သိုင်းနှင်းပြာသာဒ်ဆောက်၍ ဆရာတော့်ရုပ်ကလာပ်ကို ရွာသားလူငယ်ကလေးများ သိုင်းကွက်နင်း၍ ပြာသာဒ်တင်ပူဇော်ရန်

mgyoe.com

mgyoe.com SAMPLE BOOK


ရေစကြိုမြို့နယ် ဆင်တဲရွာမအထိသွား၍ ရှားပါးသိုင်းပညာရှင် ဆရာ ဦးတင်ဝကို သွားရှာ ငှားကာ လူငယ်တွေ သိုင်းသင်သည်။ ဆရာတော်၏ အလောင်းတင်ရန် ပန်းရထား၊ သိုင်းပြာသာဒ်နှင့် ကရဝိက်ဖောင်ကို ပြင်ဆင်တည်ဆောက်ရန် အကောင်းဆုံး ရုပ်ကြွပန်းပု ပန်းချီဆရာ ငှားသည်။ ဦးကောကိုယ်တိုင် လေ့လော့်သံ ပွဲဓော်တေးများ ရေးဖွဲ့၍ ကရဝိက်ဖောင်ပေါ်၌ လှော်ကားယိမ်း လိုက်ပါရန် ရွာထဲမှ မိန်းမငယ်တွေကို စုကာ လှော်ကားတိုက်စေသည်။

တစ်ရွာလုံးရှိ လူကြီးလူငယ်အားလုံး မျက်စိသငယ် နားသငယ်ဘဝမှ ချက်ချင်း လက်ငင်း မကြုံဘူး၊ မတွေ့ဘူးသော အဆန်းတကြယ်ကိစ္စများနှင့် အားကြိုးမာန်တက် ဖြစ်နေကြသည်။

□

ပုဂံ ညောင်ဦးသို့သွားမည့် New Pagan Express ကားကြီးက ညနေသုံးနာရီထိုးသည်နှင့် စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်က ထွက်တော့မည်ဖြစ်သည်။ ကားပေါ်တွင် မြနုတစ်ယောက်တည်း ဟိုကြည့် သည်ကြည့်နှင့် ရင်ပူနေရှာသည်။ နှစ်နာရီကျော်ကျော် ကားပေါ်သို့ ပစ္စည်းပစ္စယတွေ တင်ပေးပြီးကတည်းက ပျောက်သွားလေသည့် ဘုန်းကျော် တစ်ယောက် ယခု သုံးနာရီထိုးရန် ငါးမိနစ်အလိုအထိ ပေါ်မလာသေး။ မြနုရင်ထဲမှာ ကျိတ်ပြီး…

'ဒုက္ခပါပဲ၊ အခုနေသာ ကားထွက်သွားရင် ကျန်ခဲ့တော့မှာပဲ၊ သူ ကစော် သွားမော့နေတာပဲရှိမှာ၊ ငါ့နှယ် ဒီအစ်ကို မမူးနဲ့ တစ်လမ်းလုံးသွားရမှာ ရင်လေးလိုက်တာ နော်'

ဟု စိတ်ပူလို့မှ မဆုံးပေါင် စပယ်ယာထံမှ…

"လူစုံပြီလား၊ လူစုံရင် ကားထွက်မယ်"

ဟူသော အသံထွက်လာတော့ မြနု ထိတ်ထိတ်ပျာပျာနှင့်…

"ခဏနေပါဦး၊ ကျုပ်…အဲ ကျွန်မအစ်ကို ကျန်သေးတယ်၊ ဟိုဘက်နား ခဏသွားတယ်၊ ခုပြန်လာမှာပါ"

ဟု အော်ပြောရင်း သူ့ဘေးပြတင်းပေါက်ကနေ အပြင်ကို ဟိုဟိုသည်သည် လျှောက်မျှော်ကြည့်ပြီး…

"ဟော…ဟိုမှာလာနေပြီ…လာနေပြီ…အစ်ကို…မြန်မြန်လာ၊ မြန်မြန်လာ… ကားထွက်တော့မှာ"

စပယ်ယာကိုပြောရင်း သူ့အစ်ကို ဘုန်းကျော်ကိုလည်း လှမ်း၍ခေါ်လိုက်သည်။ ထိုအခါမှ ဘုန်းကျော် ကမန်းကတန်း ကားပေါ် ပြေးတက်ပြီး ကားပေါ်ရောက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ဘာမှ မဖြစ်သလို သူ့ဘေးကို အေးအေးဆေးဆေး လျှောက်လာပြီး…

"ဟိုဘက်တိုးစမ်း"

ဟု ဆိုကာ သူ့ဘေးမှာ ဘုတ်ခနဲ ထိုင်ချလိုက်ပြီး လက်ထဲမှ ချိုချဉ်ထုပ်များကို–

"ရော့…ညည်းစားဖို့ ဝယ်လာတာ"

ဟု နမကို မျက်နှာလုပ်သည်။ မြနုက နှာခေါင်းတစ်ချက်ရှုံ့ပြီး…

"မစားချင်ဘူး၊ ဟင်း…အရက်စော်ကလည်း နံလိုက်တာ"

ဆိုတော့ ဘေးဘီကို မလုံမလဲကြည့်ပြီး တိုးတိုးကျိတ်ကျိတ်အသံနှင့်…

"နင့်ပါးစပ် ပိတ်ထားစမ်း၊ ငါ နားရင်းအုပ်လိုက်ရ"

ဟု ပြောသည်။ မြနုက နှုတ်ခမ်းစူပြီး ပြတင်းပေါက်ဘက် လှည့်နေလိုက်သဖြင့် မကျေမနပ်ဖြစ်နေသော ညီမငယ်ကို တစ်ချက်ကြည့်ကာ ကားဆိုဖာနောက်မှီမှာ ခေါင်းတင်ပြီး မှေးနေလိုက်ရာ ရီဝေဝေအရှိန်ကလေးနှင့် မကြာခင် အိပ်ပျော်သွားတော့သည်။

❑

တဖြည်းဖြည်း မှောင်ရိပ်သန်းလာသည်နှင့်အမျှ ကားပေါ်မှ ခရီးသည်တွေလည်း ငြိမ်သက်တိတ်ဆိတ်လာကြသည်။ အချို့က ကားပေါ်မှာဖွင့်ထားသော ဗွီဒီယိုဆီသို့ အာရုံရောက်နေကြပြီး အချို့က ငိုက်မျဉ်းနေကြသည်။ မြနုကတော့ အိပ်ချင်စိတ်လည်း မရှိ၊ ဗွီဒီယိုကိုလည်း စိတ်မဝင်စားနိုင်ဘဲ တစ်ချက် တစ်ချက် သူ့ကိုယ်ပေါ် ပိပိကျလာသော အစ်ကိုဖြစ်သူ၏ ခန္ဓာကိုယ်ကို တွန်းထိုးတည့်မတ်ပေးရင်း စိတ်က ရွာသို့သာ ပြန်ရောက်နေသည်။ ပြီးတော့ သူတို့မောင်နှမနှစ်ယောက် ဖြတ်သန်းလာခဲ့ကြသော လွန်ခဲ့သည့် နှစ်အနည်းငယ်က ပုံရိပ်တွေကို ပြန်မြင်ယောင်လာသည်နှင့်အမျှ လွမ်းစရာတွေကလည်း တသီတတန်းကြီး ပေါ်လာပြီး တရိပ်ရိပ်ပြေးနေသော မော်တော်ကား လမ်းကြောင်းအတိုင်း ပြတင်းပေါက်မှ မြင်နေရသော အမှောင်ထုကိုငေးရင်း မြနုရင်ထဲမှာလည်း ဝမ်းနည်းစိတ်တွေ တလိပ်လိပ် တက်လာသည်။

အမေဆုံးစဉ်က မြနု ရွာမပြန်ဖြစ်။ ဘုန်းကျော်တို့လင်မယားနှစ်ယောက်သာ ရောက်ကြသည်။ အမေ့ကို ဤကဲ့သို့ ကောက်ကာငင်ကာ ပစ်လိုက်ရမည်ဟု ဘယ်လိုမှ ထင်မထားကြ၍လည်းဖြစ်သည်။ အမေ သည်နှစ် နည်းနည်းချုချာသည်ဟု ရွာလူကြုံနှင့် ပေးလိုက်သောစာထဲမှာ ပါလာ၍ ဘုန်းကျော်နှင့် ညီဖွဲ့က သွားခေါ်ကြခြင်းဖြစ်သည်။ စာမေးပွဲဖြေမည့်ဆဲဆဲ မြနုက ကျန်ရစ်သည်။ ကိုင်းတောနှင့် ထန်းတောထဲမှာသာ အချိန်ကုန်ခဲ့ရသော မိသားစုထဲမှာ ဘုန်းကျော်နှင့် မြနုတို့မောင်နှမနှစ်ယောက်သာ ရန်ကုန်ကို ဖောက်ထွက်လာကြခြင်းဖြစ်သည်။ ဘုန်းကျော်က အိမ်ထောင်ကျပြီး သူ့အကြောင်းနှင့်သူ ရွာမှာမနေချင်၍ ရန်ကုန်တက်ပြီး အခြေချသည်။ ရန်ကုန်သို့ ရောက်နှင့်နေသော

mgyoe.com

m gyoe. com SAMPLE BOOK

မကင်းရာ မကင်းကြောင်းများ၏ ကြည့်ရှုစောင်မမှုဖြင့် စားသောက်ဆိုင်တစ်ဆိုင်တွင် အချိန်တိုတိုအတွင်း သူ၏ ရိုးသားမှုနှင့် သစ္စာစောင့်သိမှုတို့ကြောင့် စားပွဲထိုးဘဝမှ အဝယ်တော်အဆင့်ထိ မြင့်တက်လာပြီး လခကောင်းကောင်းရကာ အတော်အတန် ငွေဓာ ရှိသူ ဖြစ်လာသည်။ အသုံးအစွဲ စေ့စပ်ကျစ်လျစ်ပြီး စည်းကမ်းရှိသော ညီဖြစ်သူကြောင့် အိမ်ထောင်စရိတ် လောက်ငရုံအပြင် မိသားစုတစ်စုလုံးမှာ တစ်ဦးတည်းသော ဆယ်တန်း အောင်မြင်ဖူးသည့် ညီမ မြနုကိုပါ ရန်ကုန်ခေါ်၍ တက္ကသိုလ် တက်စေခဲ့သည်။ အလကား မနေတတ်သော ညီဖြစ်သူကလည်း တစ်ဖက်တစ်လမ်းမှ တစ်နိုင်စီးပွားရေးလေးလုပ်ကာ သမီးယောက်မချင်းလည်း ညာညာတာတာ ရှိကြသဖြင့် ရွာမှ အဖေနှင့် အမေရော ဘုန်းကျော်ပါ စိတ်သောက ကင်းကင်းနှင့် တည်ငြိမ်နေသည့် မိသားစုကလေးထဲမှာ မထင်မှတ်သည့်အချိန်တွင် သောကမုန်တိုင်းတစ်ခုက ဝင်မွှေသွားခဲ့သည်။

အမေ သည်နှစ် ချုချာသည်ဟူသောစကား ကြားရုံမျှနှင့် အမေ့ကို လွမ်းနေသော မြနုနှင့် ဘုန်းကျော်တို့မောင်နှမ တိုင်ပင်ပြီး ရန်ကုန်တွင် ဆေးကုရန် အမေ့ကို သွားခေါ်ဖို့ ဆုံးဖြတ်ကြခြင်းဖြစ်သည်။ မြနုက နက်ဖြန်သန်ဘက်ဖြေဖို့ စာမေးပွဲအတွက် စာကျက်ရင်း အမေလာလျှင် အတိုးချပြီး အမေနှင့် အတူတူအိပ်ရန် အိပ်ရာပြင်ဆင်ပြီး အမေ့ကို မျှော်ရင်းစောင့်သည်။

အညာသွားပြီး ဆယ်ရက်အကြာမှာ ပြန်လာသော အစ်ကိုတို့လင်မယားနှင့်အတူ အမေ့ကို မမြင်ရသော်လည်း ပထမမှာ ထူးထူးထွေထွေ မတွေးမိသေး။ ယောက်မလုပ်သူက အထုပ်အပိုးတွေနှင့် အိမ်ထဲတန်းဝင်သွားပြီး ဘုန်းကျော်က ခေါင်းရင်းမှ ပက်လက်ကုလားထိုင်ပေါ် ငူငူကြီး သွားထိုင်နေသောအခါတွင်မှ မြနုရင်ကို တဖြည်းဖြည်း ခြောက်လှန့်သလို ဖြစ်လာသဖြင့် မနေနိုင်တော့ဘဲ အစ်ကို့ပက်လက်ကုလားထိုင်ဘေးမှ ကြမ်းပြင်ပေါ် သွားထိုင်ကာ ကုလားထိုင်လက်တန်းကို ဆုပ်ကိုင်လိုက်ပြီး…

"အမေ ဘာလို့ပါမလာတာလဲ၊ အမေက မလိုက်ချင်ဘူးတဲ့လား၊ နေရော ကောင်းသွားပြီလား"

ဟု ဆိုတော့ ဘုန်းကျော် မျက်နှာပျက်သွားပြီး ဘာသံမှ ထွက်မလာသဖြင့် မြနုရင်ထဲ ပိုပူလာကာ အစ်ကိုဖြစ်သူ၏ လက်မောင်းကို ကိုင်လှုပ်ပြီး…

"ပြောစမ်းပါ အစ်ကိုရဲ့၊ မြန်မြန်မြန်ပြောစမ်းပါတော့၊ အမေ ဘာလို့ပါမလာတာ လဲ၊ ကျုပ် သိချင်လှပြီ"

ဘုန်းကျော်မျက်နှာ တစ်ခဏအတွင်း နီရောင်သန်းလာပြီး မေးကြောကြီးများ ထောင်ထကာ မြနုကို မကြည့်ဘဲ ဘေးတိုက်အနေအထားနှင့်…

"အမေ မရှိတော့ဘူးဟ…မြနုရ၊ အမေ ဆုံးသွားပြီ"

ဟု ပြောလိုက်သည့် ဆို့နင့်ကြေကွဲနေသောအသံ တုန်တုန်အက်အက်ကြီးအကြား တွင် မြနု ကမ္ဘာပျက်သွားသည်။ ရင်ဘတ်ထဲမှာ မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်

mgyoe.com

mgyoe.com  SAMPLE BOOK 

မို့ ရုတ်တရက် ငေးကြောင်သွားပြီး အတန်ကြာမှ သွေးရူးသွေးတန်းဖြင့်…

''ဘာပြောတယ်တော့်၊ အမေ ဆုံးပြီ ဟုတ်လား၊ ဒါဆို ဘာလို့ ကျုပ်ကို လှမ်းမခေါ်တာလဲ၊ အမေက ဘာလို့ဆုံးရမှာလဲ၊ အမေက ကျုပ်ကို တွေ့ချင်မှာ၊ တော်တို့ တအားရက်စက်တယ်၊ ကျုပ် ရွာပြန်မယ်၊ အခုပြန်မယ်၊ အမေရော ကျုပ်ကို ခေါ်မခိုင်းဘူးလား၊ ကိုယ့်အမေအလောင်းတောင် ကိုယ်မမြင်လိုက်ရဘူး၊ တော်တို့ မတရားဘူး၊ ကိုယ်ချင်းမစာကြဘူး၊ ကျုပ်အမေမှာ သေလောက်တဲ့ရောဂါ မရှိဘူး၊ ကျုပ်အမေက ဘာလို့ သေရတာလဲ၊ ကျုပ် ရွာပြန်မယ်''

ဗလုံးဗထွေးနှင့် နှမငယ်မြနု ပေါက်ကွဲတာကို ငေးကြည့်ပြီး ဘုန်းကျော် မျက်ရည်တွေ စီးကျလာသည်။ ဘုန်းကျော် ငိုတာကို မြနု သည်တစ်ကြိမ်ပဲ မြင်ဖူးသည်။ ဘာတစ်ခွန်းမှ မပြောဘဲ မေးကြောကြီးတွေ ထောင်ထကာ မျက်ရည်တွေ တပေါက်ပေါက် ကျရင်း အဝေးသို့ ငေးနေသော ဘုန်းကျော်ကို မြင်ရတော့ မြနု အနည်းငယ် အရှိန်လျော့ကျသွားသည်။

အစ်ကိုဖြစ်သူ ဘုန်းကျော်နှင့် သူ့အကြားမှာ မောင်နှမသုံးယောက် ခြားသေးသည်။ ထိုသုံးယောက်လုံး ဘုန်းကျော်ကို ချစ်ကြောက်ရိုသေကြသည်။ ဘုန်းကျော်က 'ဟိတ်' ဟု တစ်ခွန်းအော်လိုက်သည်နှင့် မည်သူမျှ မလှုပ်ရဲ။ မြနုကိုတော့ အငယ်ဆုံးနှမထွေးလေးမို့ ငယ်ငယ်ကတည်းက ပခုံးပေါ်ထမ်းကာ ရွာရိုးကိုးပေါက်လျှောက်ပြီး ချော့မြှူနေကျမို့ မြနုက နည်းနည်းမှမကြောက်။ ဘုန်းကျော်ကလည်း ကျန်တဲ့ ညီ၊ ညီမတွေရှေ့မှာ မျက်နှာကြောတင်းသလောက် မြနုကျတော့ အချစ်ပိုပြီး ကျီစယ်ကာ လက်ပွန်းတတီး နေခဲ့သဖြင့် အကျင့်ပါနေပြီမို့ မြနုက ပြောရဲဆိုရဲရှိသည်။ မောင်နှမတွေက အစ်ကိုထံမှ တစ်ခုခု အခွင့်အရေးတောင်းလိုလျှင် မြနုကို ကပ်ရသည်။

အညာကျေးရွာအုပ်စုတစ်စုထဲမှာ အပါအဝင်ဖြစ်သော ရွာငယ်ကလေးတစ်ရွာမှ ထန်းသမား ကိုင်းသမား မိသားစုဝင်တွေထဲက ရှားရှားပါးပါး ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သော မြနုအတွက် မိဘသားချင်းတွေ ဂုဏ်တက်ခဲ့ရသော အပျော်နေ့များကိုလည်း အမှတ်တရ ဖြတ်သန်းခဲ့ဖူးသည်ပဲ။ ထိုစဉ်အခါတုန်းက မြနုတို့မိသားစု၏ ဝမ်းမြောက်ဝမ်းသာ စိတ်လှုပ်ရှားမှုကား ဥပမာပြစရာပင် မရှိ။ အစ်ကိုကြီးဘုန်းကျော်မှစ၍ မြနုအထက်က မြနွဲ့အထိ ဘယ်သူမှ အလယ်တန်းက မကျော်နိုင်ခဲ့။ ထန်းတက်၊ မြေပဲနုတ်၊ ထန်းလျက်ချက်၊ ကိုင်းစိုက်နှင့်သာ အချိန်ကုန်ကြပြီး ဘယ်သူမှ ပညာရေးကို အလေးထားရကောင်းမှန်း သတိမရနိုင်ကြ။ ဘုန်းကျော်တစ်ယောက် မြို့ရောက်သွားခြင်းသည်ပင်လျှင် သူတို့မိသားစုထဲမှ တိုးတက်ရာတစ်ခုဟု မြင်စရာ ဖြစ်ခဲ့သည်။ မြနုအလှည့်ကျတော့ တစ်ရွာလုံး၏ ပါးစပ်ဖျားမှာ ချီးကျူးထောမနာသံ စီစီညံခဲ့သည်။

''အရိုးထွန်းနဲ့ ဒွေးမြတို့ ကံကောင်းချက်တော်၊ ဒီနှစ် မြေပဲကလည်းအောင်၊ မြနုကလည်း ဆယ်တန်းကြီးတောင်အောင်၊ မြို့က သူ့သား ဘုန်းကျော်ဆီပို့ပြီး ကောလိပ်

mgyoe.com

mgyoe.com SAMPLE BOOK


သင်မလို့တဲ့''

ဆိုသည့် စကားက ရွာတောင်ဖျားရော မြောက်ဖျားပါ ရေပန်းစားနေသည့်အချိန်၊ မြနုအဖေ အရိုးထွန်းတစ်ယောက် ထန်းရည်ကလေး ရီတီတီ…ကွမ်းကလေး တမြုံ့မြုံ့… ပြုံးတုံးတုံးကြီးနှင့် လာသမျှလူကို ဂုဏ်ယူဟန်ပြနေပေမင့် ဒွေးမြကတော့ သူ့ထုံးစံအတိုင်း နဂိုနေ လေအေးအေးကလေးနှင့်…

''ဘုန်းကျော်ကတော့ မြို့မှာ အလုပ်လုပ်နေလို့ အဆင်ပြေတယ်၊ သူ့နှမကို ဘွဲ့ရအောင် သူကောလိပ်ပို့မတဲ့၊ အတင်းခေါ်နေတော့တာပဲ၊ ကျုပ်ကတော့ အထွေးဆုံး လေးမို့ လွှတ်ရမှာ လွမ်းသတော့''

လို့ ပြောခဲ့တာ မြနုနားထဲက မထွက်သလို အဲသည်တုန်းက ပါးလှပ်လှပ် ပျော့ရွဲ့ရွဲ့ အမေ့ကိုယ်ပေါ်မှာ အညာမာဆရိုက်တစ်ပတ်လည်စင်း အညိုနှင့် ရှုံသားပွင့်နုပ် ရင်ဖုံးလက်စကလေးနှင့် အိမ်ရှေ့ကွပ်ပျစ်ထောင့်စွန်းလေးမှာ ထိုင်နေသည့် အမေ့ပုံစံကို မျက်စိထဲက မထွက်။

သည်တုန်းက အဖေက ထန်းရည်နံ့ကလေး တသင်းသင်းနှင့်…

''ရွှေမြကလည်းဗျာ၊ မြနုသွားတော့ ဘာဖြစ်တုံး၊ နင့်နား ငါတစ်ယောက်လုံး ရှိသားဟာ''

ဆိုတော့ အမေက…

''တော့် ဘာလုပ်ရအောင်လဲ''

ဟု လှမ်းငေါက်လိုက်၍ မောင်နှမတွေ ဝိုင်းရယ်ကြတာကိုလည်း မြနု မမေ့။

ခု…အမေဆုံးပြီတဲ့။ မြနု မယုံနိုင်၊ မချိတင်ကဲ ဝမ်းနည်းပက်လက်။ မြနု ငိုနေရင်းမှ အိမ်ထဲ ပြုန်းခနဲ ဝင်လာပြီး တစ်စုံတစ်ယောက်ကို ရှာကြည့်သည်။

အိမ်နောက်ဘက် မီးဖိုနားမှာ ထမင်းစားခုံဘေးတွင် ညီ့နွဲ့ မျက်ရည်သုတ်နေတာ တန်းမြင်သည်။ ညို့နွဲ့ဘေးတွင် မြနု ဝုန်းခနဲ ထိုင်ချလိုက်ပြီး…

''မမညို…တော်တို့လင်မယား ကျုပ်ကို ဘာလို့အကြောင်းမကြားတာလဲတော့်၊ ကျုပ်အမေအလောင်းတောင် ကျုပ် မကန်တော့လိုက်ရဘူး၊ တော်တို့ ရက်စက်ချက်၊ နည်းနည်းမှ ကိုယ်ချင်းမစာကြဘူး၊ ကျုပ်နေရာကမျှား နည်းနည်းပါးပါး ခံစားကြည့်ကြ စမ်းပါဦးတော့''

ဟု ပြောလိုက်မိသည်။

''မဟုတ်ရပါဘူး မြနုရယ်၊ ငါတို့ရောက်တော့ ဒွေးမြကို ဆရာက လက်လွှတ် ပြီး ရန်ကုန်ပဲခေါ်ခေါ် ပခုက္ကူဆေးရုံပဲ ေ ဂင်တင် လမ်းမှာတင် ကိစ္စကုန်မှာတဲ့၊ အင်္ဂလိပ် ဆရာရော၊ မြန်မာဆရာရော အစုံပြတာပါပဲဟာ၊ ကိုရင်ဘုန်းကျော်က နင့်လှမ်းခေါ်မယ် ပြောပါတယ်၊ နင် စာမေးပွဲဖြေနေမှန်းသိလို့ အားလုံးက မခေါ်ဖို့ တားလို့ပါ၊ ဒွေးမြ ကိုယ်တိုင်ကလည်း ငါ့သမီးလေး စာမေးပွဲကောင်းကောင်းဖြေပစေ၊ ငါ နေမကောင်းတာ

mgyoe.com

mgyoe.com

မသိစေနဲ့လို့ ပြောတယ်၊ တို့ကလည်း သူ့ကို ချက်ချင်းကြီး အဲလိုဖြစ်သွားမယ် မထင်ဘူး၊ တစ်ပတ်တန်သည် နှစ်ပတ်တန်သည်တော့ နေဦးမယ်ထင်တာ၊ ဘယ်သူတွေတားတား ကိုရင်ဘုန်းကျော်က စာမေးပွဲက ဒီနှစ်မအောင် နောင်နှစ်အောင်မှာပဲ အမေ့အသက်မီအောင် တော့ ခေါ်မယ်လို့ ပြောပါသေးတယ်၊ ဒါပေမဲ့ ဒွေးမြက ချက်ချင်းကြီးဆုံးသွားတော့ နင့်ကိုခေါ်လည်း စာမေးပွဲကျတာပဲ အဖတ်တင်တော့မယ်ဆိုပြီး မခေါ်တော့တာ၊ အဲဒီရက် က နင် စာဖြေနေတဲ့ရက်ကြီးလေ၊ နင့်တောင် ငါတို့က စာမေးပွဲကတစ်ဖက်၊ စားဖို့ သောက်ဖို့ ချက်ရပြုတ်ရနဲ့ စာကျက်ဖို့အချိန်တွေတွက်ပြီး ပူနေကြသေးတယ်၊ အဲဒါနဲ့ အခုရက်လည်ပြီးပြီးချင်း ပြန်လာကြတာ''

'သေခြင်းတရားဆိုတာ ဘယ်လိုလုပ်ပြီး ရက်တွက်လို့ရမှာလဲ၊ အဲသလိုမှန်းသိ ရင် အမေ့ဆီ သွားကတည်းက ကျူပ် လိုက်ခဲ့တာပေါ့' ဟု မြနုရင်ထဲ ကြေကွဲစွာ ပြောနေမိသည်။

''မသေခင်တစ်နေ့က ဒွေးမြ စကားတွေ တအားပြောတာ၊ အသံကလည်း မာမှမာ၊ သူ ဘာပြောခဲ့သလဲသိလား၊ အခုနေ ငါသေသွားရင် ငါ့အလောင်းကို ရွာထိပ်က တို့ပိုင်တဲ့ ထန်းတောအစပ်မှာ မြှုပ်ပြီး အုတ်ဂူလုပ်ထားပါတဲ့၊ အဲဒါမှ ငါ့သားသမီးတွေ မြို့က ပြန်လာရင် ရွာထိပ်ရောက်တာနဲ့ ငါကြိုနေတာကို မြင်ရအောင်တဲ့အေ့''

ညိုနွဲ့က ပြောပြီး မထိန်းနိုင်တော့ဘဲ အိခနဲ ငိုချလိုက်ပြန်တော့ မြနု ပိုပြီး ဆောက်တည်ရာမရ ဖြစ်တော့သည်။

''ဟင်…ဒါ…ဒါဖြင့် အမေ့ဂူ…အမေ့ဂူ ရွာထိပ်က ထန်းတောထဲမှာ ရှိတာ ပေါ့''

''ရှိပါတယ် မိနုရဲ့၊ အဖေနဲ့ငါ သေသေချာချာ အမေ မှာတဲ့အတိုင်း လုပ်ထား ပါတယ်ဟ''

ဆိုပြီး မောင်နှမနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ငိုခဲ့ရတာကိုတွေးပြီး ဘေးမှာ အိပ်ပျော်နေတဲ့ အစ်ကိုကို ငဲ့ကြည့်ရင်း မြနုပါးပြင်ပေါ် မျက်ရည်များ စီးကျလာသဖြင့် ကားပေါ်ကလူတွေ မမြင်အောင် အသာသုတ်လိုက်ရသည်။ ခုတော့လည်း ကိုယ့်ကိုယ် ကိုယ်ထက် ပိုပြီး အစ်ကို့ကို သနားပိုရပြန်သည်။ မျက်နှာကြီးငယ်မရွေး သေခြင်းတရား သည် မြနုတို့ဘဝထဲမှ အမေ့ကို ခေါ်ထုတ်သွားရုံတင် အားမရသေးဘဲ မကြာသေးခင် ကာလမှာပဲ အစ်ကို့ဘဝထဲက မညိုနွဲ့ကို လက်ကြမ်းကြီးနှင့် ဆွဲထုတ်သွားပြန်သည်။

□

''ကျန်းမာရေးဗျို့…ကျန်းမာရေး…ခဏတစ်ဖြုတ်နားမယ်…အဆာပြေလည်း စားလို့ရတယ်''

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုင်သေးသေးလေးတစ်ဆိုင်ရှေ့မှာ ကားကိုထိုးရပ်ပြီး စပယ်ယာက နှိုးဆော်လိုက်တော့ ကားထဲက ငိုက်နေသူတွေ ခေါင်းထောင်သွားကြသည်။

"ပလာတာ ရတယ်၊ နွားနို့ ရတယ်၊ လက်ဖက်ရည် ရတယ်၊ ကြက်ဥပြုတ်ဘွိုင် ရတယ်၊ အပေါ့အပါးသွားဖို့နေရာရှိတယ်"

ခရီးသည်များနှင့်အတူ မြနု အောက်ကို ခဏဆင်းဖို့ပြင်သည်။ အပြင်မှာက အတော်မှောင်နေပြီ။ မြနု ကားပေါ်မှာပါသည့် နာရီကို ကြည့်လိုက်တော့ ၉ နာရီ ၄၅ မိနစ်။ ကားပေါ်မှ လူတွေအတော်များများဆင်းပြီးသည့်နောက် မြနု ဘုန်းကျော်ပခုံးကို ပုတ်နှိုးလိုက်ပြီး…

"အစ်ကို…အစ်ကို…ထဦး"

ဆိုတော့ အိပ်ချင်မူးတူးနှင့်…

"အင်း…ဘာလဲဟ"

"ကျန်းမာရေးတဲ့၊ အောက်ဆင်းရအောင်၊ နည်းနည်းဖယ်ဦး၊ ကျုပ် အပြင်ထွက်လို့ မရတော့ဘူး"

"ကျော်သွားဟာ"

"ဘာလို့ကျော်သွားရမှာလဲ၊ လူမြင်မကောင်း သူမြင်မကောင်း၊ ဖယ်စမ်းပါ၊ ကျန်းမာရေးတဲ့ မဆင်းဘူးလား"

"မဆင်းဘူး၊ ငါ ကျန်းမာတယ်"

"အစ်ကိုနော်၊ အဲသည်လိုကြီး မူးပြီးအိပ်နေ၊ ကျုပ် ရှက်တယ်တော့်၊ အဲဒါကြောင့် အစ်ကိုနဲ့ လိုက်မလာချင်တာ"

"ငါက မူးပြီး ဘာလုပ်နေလို့လဲဟ၊ နင်ကလည်း"

"ရွာရောက်မှ သောက်ချင်သောက်ပေါ့၊ လမ်းမှာ အရက်နံ့ကို ထောင်းထောင်းထနေတာပဲ၊ အခုလည်း သူများတွေဆင်းပြီး စားသောက်ကုန်ပြီ၊ ကျုပ် ဗိုက်ဆာတယ်တော့်၊ တော်ကြာ ကားက ပြန်ထွက်တော့မှာ"

"သွားစားပါလား ညည်းဟာညည်း၊ ညည်းဗိုက်ဆံရှိသားဟာ"

မြနု တကယ်စိတ်ညစ်နေပုံရတော့ သူ့မျက်လုံး ကျယ်သွားဟန်တူသည်။

"ကျုပ်တစ်ယောက်တည်း သွားမစားရဲဘူးတော့်"

"အာ…ဒီကောင်မလေး…ကဲ…လာ…လာ…"

အမူးပြေစ အစ်ကိုနှင့် နှမချောချောကို ကားပေါ်မှ လူအချို့က သတိပြုမိသူရှိသလို၊ မပြုမိသူတွေလည်း ရှိပေလိမ့်မည်။ မြနု သိပ်တော့ဂရုမစိုက်ချင်တော့။ ဂရုစိုက်နေလျှင် ရှက်နေရဦးမည်။ နောက်လည်း တွေ့ကြမည့်သူတွေမှ မဟုတ်ဘဲ။ ဒါပေမဲ့ သည်လိုစိတ်မျိုးက အခိုက်အတန့်သာထား၍ရမည်ထင်သည်။ အစဉ်အမြဲတော့ မဖြစ်နိုင်။ အစ်ကိုဘယ်လောက်ကြာကြာ သည်လိုသောက်ဦးမည်မသိ၊ မြနု အစ်ကို့ဘဝအတွက် ရင်လေးလှ

mgyoe.com

mgyoe.com

SAMPLE BOOK


သည်။ အခုတော့ ကျောင်းကလည်း မပြီးသေးတာတစ်ကြောင်း၊ အစ်ကိုတစ်ယောက်တည်း သည်လိုပုံစံကြီးနှင့် ပစ်မထားရက်တာတစ်ကြောင်းကြောင့် မြနု ရန်ကုန်တွင် နေရပေမင့် စိတ်ထဲသိပ်မပါ၊ ရွာသို့သာ လွမ်းသည်။ အခုနေ မြနုသာ ရွာပြန်သွားခဲ့လျှင် ပူပူနွေးနွေး မုဆိုးဖိုကလေးဖြစ်နေသော အစ်ကို သည့်ထက်ပိုပြီး အရက်သမားကြီးလုံးလုံးဖြစ်ပြီး ဘဝဆုံးသွားရန်သာ ရှိတော့သည်။ အခုတော့ ဘာပဲပြောပြော နှမပျိုတစ်ယောက်ရှိတော့ အသိကလေးနှင့် ထိန်းဖော်ရသေးသည်။

"ဟဲ့…ဘာစားမှာလဲ မှာလေ"

စားပွဲတွေက အလွတ်မရှိတော့၊ လူနည်းသည့် စားပွဲကြီးတစ်လုံးမှာ မောင်နှမ နှစ်ယောက် ဝင်ထိုင်ရင်း ဘုန်းကျော်က မေးသည်။

"ပလာတာနဲ့ နွားနို့သောက်မယ်၊ အစ်ကိုရော…"

"ငါ မသောက်ဘူး။ ပလာတာနဲ့ နွားနို့တစ်ခွက်ပေး ညီလေး"

မြနုကို ပြောရင်း အနားရောက်လာသည့် စားပွဲထိုးကလေးကို တစ်ဆက်တည်း မှာလိုက်သည်။

"အစ်ကိုလည်း တစ်ခုခုစားဦးလေ၊ နေ့လယ်ကလည်း ဘာမှမစားထားဘဲနဲ့၊ ကျုပ်ကမှ ထမင်းစားလာသေးတယ်"

"မစားချင်ဘူးဟ၊ ငါ မဆာဘူး"

"မဆာလည်း နွားနို့ဖြစ်ဖြစ် သောက်လိုက်ပါလား"

"သောက်ချင်ပါဘူးဟာ၊ နင့်ဟာ နင်သာ စားစမ်းပါ"

"အစ်ကိုနော်၊ အစားလေးအသောက်လေးလည်း စားဦးတော့်၊ အရက်ချည်း ဖိသောက်မနေနဲ့ သေသွားလိမ့်မယ်"

"တော်စမ်းပါ၊ အဓိပ္ပာယ်မရှိတာ၊ အသက်နဲ့ အဝေးကြီး"

ဟု ပြောပြီး မြနု စားနေတုန်း ဟိုလိုလို သည်လိုလိုနှင့် ဆိုင်နောက်ဘက်ဝင် သွားပြီး ခါးကြားထဲဝှက်ယူလာသည့် ပုလင်းပြားကလေးကို သွားမော့ပြီး ပြန်ထွက်ခဲ့သည် ကို မြနု မသိယောင်ဆောင်နေလိုက်သည်။ ကားပေါ်ရောက်တော့ သူ အေးအေးအိပ်ရ အောင် ပြတင်းပေါက်ဘက်ကို နေရာပြောင်းပေးသော်လည်း သူက မထိုင်။ တစ်ဖက်က ဘေးချင်းယှဉ်လျက်ခုံမှာ ယောက်ျားလေးများ ရှိသည်မို့ နှမကို ဘေးအစွန်ပြတင်းပေါက်က ထားပြီး ဘေးက ကာထိုင်နေဖို့တော့ သတိရရှာသည်။ သို့သော် ထိုင်ပြီးမကြာမီ နောက်မှီ ပေါ် ခေါင်းတင်ပြီး အိပ်ပျော်သွားပြန်သည်ကိုကြည့်ရင်း မြနု မချိတင်ကဲ ပြုံးမိသည်။

မျက်ခုံးထူထူနှစ်ခုက ဆက်လုမတတ် ယှက်သန်း၍ နှာတံမြင့်မြင့်အောက်မှ ပိရိသေသပ်သော နှုတ်ခမ်းအစုံကို တင်းနေအောင် စေ့ထားပုံက မေးရိုးလေးထောင့်နှင့် ယောက်ျားပီသသော အစ်ကိုသည် ယခုလို ပစ်စလက်ခတ်မနေခင်က လူချောတစ်ယောက် ဖြစ်သည်။ မြနုမှာ အစ်ကိုဖြစ်သူကို ငေးကြည့်နေမိရင်းမှ အစ်ကို၏ နှောင်းခဲ့ပြီးသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ပုံရိပ်များကို မြင်ယောင်လာကာ စာနာသနားစိတ်တွေ တဖွားဖွားပေါ်လာမိသည်။ အချိန်ကာလတိုတိုလေးအတွင်းမှာ အစ်ကို့ဘဝက အပြောင်းအလဲတွေ များလှသည်။ ရွာသည်အစ်ကို့အတွက် ရက်ရွှဲတုန်လှုပ်ချောက်ချားဖွယ်ဖြစ်နေမည်မှာ သေချာသည်။ အစ်ကိုနှင့်အလွန်လိုက်ဖက်ညီလှသည့် အစ်ကို့ဘဝ၏ အချစ်ဦး မမခင်ထားနှင့် အစ်ကို၏ချစ်သူဘဝသည် ရွာထဲမှ လူငယ်များကြားတွင် စိတ်ဝင်စား အားကျဖွယ်ချစ်ပုံပြင်တစ်ပုဒ် ဖြစ်ခဲ့ဖူးသလို မမခင်ထားနှင့် အစ်ကိုတို့ဘဝ မဆုံစည်းနိုင်အောင် ကြမ်းတမ်းခဲ့သော ကာလများနှင့် မမခင်ထားတို့ အသိုင်းအဝိုင်းကို မခံချင်စိတ်နှင့် အစ်ကို သူ့ကို တစ်ဖက်သတ်ချစ်နေရှာသော မမညိုနွဲ့ကို ကောက်ကာငင်ကာ ယူပြလိုက်ပြီးခါမှ ရွာမှာမနေလိုတော့ဘဲ ရန်ကုန်ကိုပြောင်းပြီး ရရာအလုပ်နှင့် ရပ်တည်ခဲ့ရသော အစ်ကို့ရင်ထဲမှ ဝေဒနာကိုလည်း အားလုံးက နားလည်နိုင်ခဲ့ကြသည်။

မမခင်ထားလို ဖြူဖြူနွဲ့နွဲ့ ပါးပါးလျားလျားနှင့် ကွမ်းတောင်ကိုင်တစ်ယောက်မဟုတ်ပေမင့် ညိုညိုတုတ်တုတ် အရပ်မြင့်မြင့်နှင့် ကြည့်ပျော်ရှုပျော်ရှိသော အကြမ်းခံနိုင်ပြီး မြနုတို့မောင်နှမအပေါ် အနုစ်နာခံတတ်သော မမညိုနွဲ့အပေါ် အစ်ကိုရော မြနုပါ အားကိုးအားထားတစ်ခုလို သံယောဇဉ်တွယ်ပြီးခါမှ မမညိုနွဲ့က အစ်ကို့ကို သေခွဲခွဲသွားပြန်သောအခါ အစ်ကို အလွန်သောက်ခဲလှသော အရက်ကို နေ့စဉ်ရက်ဆက်သောက်ရင်း သောကတွေကို ဖြေဖျောက်နေရသောဘဝသို့ ရောက်ခဲ့မှန်း မြနု ရိပ်စားမိလေသောအခါ အစ်ကို့အပေါ် ခွင့်လွှတ်စိတ်ထားနိုင်လာသည်။ သို့သော် အစ်ကို့ဘဝတစ်လျှောက်လုံးသည်လိုနှင့် မျောသွားမှာကိုတော့ မြနု စိုးရိမ်နေမိသည်။ အစ်ကို့အခြေအနေက တစ်နေ့ထက်တစ်နေ့ ဆိုးလာသည်။ ပထမတော့ ရန်ကုန်မှာ မနက်စောစော အလုပ်သွားချိန်မှစ၍အလုပ်ခွင်ထဲ မသောက်ဘဲ ညနေ အလုပ်ချိန်ပြီးသည်နှင့် ဝင်သောက်လာတော့သည်။ နောက်တော့ တစ်ရေးနိုးလျှင် ထသောက်သည်။ ထိုမှတစ်ဖန် မနက်အလုပ်သွားခါနီး အနည်းအကျဉ်း သောက်သွားပုံရသည်။ ဣန္ဒြေတော့ မပျက်လှ။ ယခု ကံကျောင်းဆရာတော် ပျံလွန်တော်မူခြင်းသည် ရွာမှအကြောင်းအမျိုးမျိုးကြောင့် ရပ်ဝေးသို့ ရောက်နေသူများကို ကြိမ်စကြာနှင့် ရိုက်ခေါ်သည့်နှယ် ရှိတော့သည်မို့ အခြားရွာသူရွာသားများနည်းတူ မြနုရော ဘုန်းကျော်ပါ အလုပ်တွေ ကျောင်းတွေကို ပစ်ပြီး ပြေးခဲ့ရသော်လည်း ရွာသည် ဘုန်းကျော်အတွက် ဝမ်းနည်းကြေကွဲ တုန်လှုပ်စရာ ဖြစ်နေသည်မို့ ကံကျောင်းဆရာတော် ပျံလွန်တော်မူသဖြင့် မပြန်မဖြစ် ပြန်ရတော့မည်ဟု စတင်သိရသောနေ့မှစ၍ ဘုန်းကျော် အရက်ကို မနားမနေ သောက်တော့သည်။

ဘာပဲပြောပြော မြနုကတော့ ရွာပြန်ရမည့်အတွက် စိတ်လှုပ်ရှားပြီး ကျေနပ်နေသည်ကတော့ အမှန်ပင်။

□

mgyoe.com

mgyoe.com SAMPLE BOOK

တဖြည်းဖြည်း ညဥ့်နက်လာလေ ကားပေါ်ပါသူများ ငြိမ်သက်ငိုက်မျဉ်းလာလေနှင့် ဗွီဒီယိုနှစ်ကားပြအပြီးတွင်တော့ စက်သံလည်းပိတ်၊ လူတွေလည်းအိပ်ပြီး ကားကြီးသာ တငြိမ့်ငြိမ့်နှင့် အမှောင်ထဲတွင် ရှေ့မီးများဖွင့်၍ ခရီးမှန်မှန်ဆက်နေဆဲတွင် မြနုတစ်ယောက်သာ မျက်လုံးကြောင်တောင်တောင်နှင့် အိပ်မရဘဲ စိတ်လှုပ်ရှား၍နေသည်။ တစ်နှစ်က အမေဆုံးမည့်အချိန် အစ်ကိုဘုန်းကျော် ရွာပြန်တော့ မြနုက ရန်ကုန်မှာကျန်၍ အစ်ကို့မိန်းမ မမညိုနွဲ့က ဒီအချိန် ကားပေါ်မှာ အစ်ကိုနှင့်အတူ ရှိနေပေမည်။ အမေ့အသုဘတောင် ရွာမပြန်ရသော မြနု အခု ဆရာတော်ဘုရားကြီး၏ ဘုန်းကြီးပျံကျတော့ မပြန်၍မဖြစ်တော့။ အစ်ကိုဘုန်းကျော်က မြနုကို အရခေါ်သည်။ မြနုက အမေမရှိသောအရပ်သို့ မပြန်ချင်။ ဟိုရောက်၍ အမေ့ကို မမြင်လျှင် မြနု ဘယ်လိုနေရမည်ဟု မှန်းဆမရ။ ထိုအချက်ကိုသိသော အစ်ကိုက မြနုအား…

"ငါက နင့်ထက်ဆိုးတာပေါ့ဟ၊ အရင်တစ်ခေါက်ပြန်တုန်းက ငါနဲ့အတူ ညိုနွဲ့ပါတာ၊ ခု ငါတစ်ယောက်တည်း သွားချင်ဘူးဟ၊ နင်လိုက်ခဲ့"

ဟု ပြောရင်း အသံက တုန်ယင်နေသည်။ သည်တော့ မြနု မမညိုနွဲ့ကို သတိရပြီး ဝမ်းနည်းရပြန်သည်။ အမေ့အသုဘမှ ပြန်လာပြီး လေးလအကြာမှာပဲ မမညိုနွဲ့ သားလျှောပြီး ဆေးရုံအရောက်မှာ သွေးလွန်ပြီး ဆုံးသည်။ သည်တုန်းက အစ်ကိုဘုန်းကျော် သိပ်ပြီးရုပ်ပျက်ဆင်းပျက် မဖြစ်။ သို့သော် တဖြည်းဖြည်း အရက်စွဲလာပြီး ယခုတော့ နေ့စဉ်ရက်ဆက်သောက်နေသော အရက်ကြိုက်သူ လုံးလုံးကြီး ဖြစ်နေတော့သည်။ မမညိုနွဲ့ ဆုံးတော့ အဖေတို့အားလုံး ရန်ကုန်လာကြပါသည်။ မောင်နှမနှစ်ယောက် ချစ်ချစ်ခင်ခင်နေပြီး မြနု ကျောင်းဆက်နေဖို့ တိုက်တွန်းသလို အစ်ကိုဘုန်းကျော်ကလည်း မြနုကို ရွာပြန်မထည့်။ ငယ်ငယ်ရွယ်ရွယ်နှင့် သားသမီးတစ်ယောက်မှ တွယ်တာစရာ မကျန်ခဲ့သော အစ်ကိုမုဆိုးဖိုကလေးကို မြနု တစ်ခါတစ်ရံ သနားလွန်းပြီး တစ်ခါတစ်ရံ အရက်မူးလွန်နေသည့်အခါများတွင်တော့ စိတ်ညစ်ညူးမိတတ်သည်။

အမှန်မှာတော့ အစ်ကိုဘုန်းကျော်က နှမကို မိန်းမထက် ပိုချစ်သည်။ ဒါကို ညိုနွဲ့ကလည်း ကျေနပ်ရှာသည်။ ကျေနပ်ရမည်လေ၊ သူက ဘုန်းကျော်ကို တိတ်တခိုး ချစ်ခဲ့ရသူကိုး။ ဘုန်းကျော် တကယ်ချစ်သည်က ရွာက ကွမ်းတောင်ကိုင် ခင်ထား၊ ခင်ထားနှင့် ဘုန်းကျော်က ချစ်သူတွေဖြစ်သည်။ အဖေတစ်ခု သမီးတစ်ခု ခင်ထားက ဖခင်ဖြစ်သူကို တုန်နေအောင်ကြောက်ရသည်။ ခင်ထားအဖေ အရီးစံလှက သူ့သမီး ခင်ထားကို ဘုန်းကျော်နှင့် မတန်ဟု အခွင့်ရတိုင်း ဓားကြိမ်း ကြိမ်းသည်။ ဘုန်းကျော်တို့ မိသားစုက ထန်းသမားမျိုးရိုး သိပ်အချောင်လည်ကြီးထဲက မဟုတ်။ အရီးစံလှတို့က ရွာမျက်နှာဖုံး တောသူဌေးတွေ။ တစ်ဦးတည်းသောသမီး ခင်ထားကို အိမ်မှာနေရင်းပင် ဒေါင်းဘယက်နှင့် ပွတ်လုံးလက်ကောက်နှင့် ကြော့နေအောင်ထားသည်။ ခင်ထားကလည်း တောသူပေမင့် ယဉ်စစနှင့် မျက်နှာအသွင်အပြင်ကလှပြီး နန်းဆန်သည်။ ကိုယ်နေဟန်

mgyoe.com SAMPLE BOOK


သွယ်သွယ်လျလျနှင့် အသားဝါပြီး တံကောက်ခွက်ရောက်အောင် ရှည်သောဆံပင်တို့ကို မြို့သူလို ဖွတ်မြီးထိုး(ကျစ်ဆံမြီး)ထားလေ့ရှိသည်။ ဘုန်းကျော်နှင့် ခင်ထားက လက်ပွန်းတတီး မနေကြရပေမင့် ရှင်ပြုရဟန်းခံလိုမျိုး၊ တောဘုရားပွဲတို့လိုမျိုးမှာ မနီးမဝေးမှ ငေးပြီး အကြည့်ချင်းဆုံခွင့်ရသည်။ ဘုန်းကျော်၏ ယောကျ်ားပီသသော မျက်နှာပေါ်မှ မျက၀န်းများကို ခင်ထား ကြာကြာရင်မဆိုင်ရဲ၊ ရင်ဖိုလှသည်။ မကြာခင် တောဓလေ့ ကာလသား ကာလသမီးတို့ ကြားနေအကျိုးဆောင်မှုနှင့် ဘုန်းကျော်နှင့် ခင်ထားတို့ သမီးရည်းစား ဖြစ်သွားသည်။ သမီးရည်းစားသက်တမ်း တစ်နှစ်လောက်အတွင်း လေးငါးခါလောက်သာ အပြေးအလွှား စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောခွင့်ရပြီး အရီးစံလှ သိသွားသဖြင့် ခင်ထား အနေပိုကျဉ်းသွားပြီး ဘုန်းကျော်အဖေ အရီးစိုးနှင့် အရီးစံလှတို့ တုတ်တပြက် ဓားတပြက် ဖြစ်ကြသည်။ အရီးစိုးက ထန်းရည်မူးမူးနှင့် သူ့သားကို သိုက်သမားဟု ပြောရပါမည်လားဟု အရီးစံလှကို သတ်မည်တကဲကဲလုပ်၏။ အရီးစံလှ ကလည်း တောသူဌေးပီပီ ငွေနှင့်ပေါက်ပြီး လူမိုက်ငှားကာ ဘုန်းကျော်တို့သားအဖကို ဒုက္ခပေးမည်ဟူသော ကောလာဟလတွေ ထွက်နေ၏။ သို့သော် တကယ်တမ်းကျတော့ ဘုန်းကျော်တို့မိသားစုကိုလည်း ရွာမှ ချစ်ခင်သူများသဖြင့် ဘာအန္တရာယ်မှ မရှိ။ ဘုန်းကျော် ချက်ကောင်းရသည့်တစ်နေ့ ခင်ထားကို အမိအရခိုးရန်ပြင်သည်။ ခင်ထားက ဘုန်းကျော်နောက် မလိုက်၊ အဖေ့ကို ပစ်မထားရက်ဟုဆိုကာ ငြင်းလိုက်သဖြင့် ဘုန်းကျော်က စိတ်နာပြီး ပြန်ခဲ့သည်။ မကြာခင် ရွာထဲမှ ညိုနွဲ့နှင့် ဘုန်းကျော်တို့ နှစ်ဖက်မိဘသဘောတူ မင်္ဂလာဆောင်ပြီး ဘုန်းကျော် ရွာမှထွက်သွားသည်မှာ ညိုနွဲ့နှင့် ဘုန်းကျော် အိမ်ထောင်သက် ၅ နှစ်ကျော် ညိုနွဲ့ဆုံးသည့် ယခုအချိန်အထိ ဖြစ်သည်။ ဘုန်းကျော်တို့ မြို့ရောက်၍ ၃ နှစ် ပြည့်ချိန်တွင် ခင်ထားအဖေ အရီးစံလှ အနိစ္စရောက်သဖြင့် ခင်ထား အစ်မဝမ်းကွဲတစ်ယောက်နှင့် အိမ်ကြီးတစ်လုံးထဲမှာ အတူနေကြောင်း ကြားရသည်။ အမေဆုံးတုန်းက ဘုန်းကျော်တို့ ရန်ကုန်ပြန်သွားမှ ခင်ထား သတင်းလာမေးကြောင်း အဖေ ရန်ကုန်လာစဉ်ကပြောတော့ မြနုကသာ စိတ်ဝင်စားပြီး ဘုန်းကျော်က မတုန်မလှုပ်။

❑

နံနက် ၆ နာရီထိုးပြီးစတွင် ညောင်ဦးကားဂိတ်သို့ ကားဝင်သည်။ ခရီးသည်များနှင့်အတူ မြနုတို့မောင်နှမ အထုပ်အပိုးကိုယ်စီနှင့် ဆင်းခဲ့ကြရင်း ပတ်ဝန်းကျင်နှင့် နှစ်အတန်ကြာ ကင်းကွာနေသော မြနုအတွက် အနည်းငယ် ဆန်းသစ်နေသယောင် ခံစားရသည်။

"အစ်ကိုရေ၊ ဘုန်းစဉ်ဂိတ်ကို တန်းသွားစို့"

ညောင်ဦးကားဂိတ်မှ သူတို့ရွာသို့ သွားရန်အတွက် ကားဂိတ်ကလေးတစ်ခုသို့

mgyoe.com

သွားရဦးမည် ဖြစ်သည်။ ထိုဂိတ်ကို ဘုန်းစဉ်ဂိတ်ဟုခေါ်ပြီး ဘုန်းစဉ်ဂိတ်မှ ရွာသို့ ကားဖြင့် တစ်ဆင့်သွားရဦးမည်မို့ မြနု စိတ်စောနေသည်။

"နေပါဦးဟ နင်ကလည်း မုန့်လေးဘာလေးစားပြီး ညောင်ဦးဈေးထဲ တစ်ပတ်လောက် ပတ်လိုက်ပါဦးလား၊ ကားဂိတ်မှာ အကြာကြီး သွားစောင့်နေရမယ့်အတူတူ"

"စောင့်မယ်တော်၊ ဘုန်းစဉ်ဂိတ်ကို မြင်းလှည်းနဲ့ သွားရဦးမှာ၊ ကျုပ်က ရွာနဲ့နီးလေ ကောင်းလေပဲ"

"အဖြစ်က သည်းလိုက်တာ၊ ညည်းသဘော ညည်းသဘော"

သို့နှင့် မြင်းလှည်းဖြင့် မောင်နှမနှစ်ယောက် ရွာသွားမည့်ကားဂိတ်သို့ ရောက်ခဲ့ကြသည်။ သူတို့ရောက်သောအချိန်က ခုနစ်နာရီခန့်သာ ရှိသေးသဖြင့် ရွာမှကားပင် မလာသေး။ သူတို့နေသော ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာအုပ်စုရှိ ရွာကလေးဆီမှ တစ်စီးတည်းသော ကားကြီးမှာ မနက် ၅ နာရီတွင် ရွာမှထွက်လာပြီး ၈ နာရီခန့်မှ ညောင်ဦးသို့ရောက်ကာ လူဆင်း ပစ္စည်းချနှင့် ဂိတ်ရောက်သော် ရွာသို့သွားမည့် ကုန်ရောင်း ကုန်ဝယ်နှင့် ခရီးသည်တွေကိုစောင့်ပြီး မွန်းတည့်မှ ရွာပြန်ကာ ညနေစောင်းမှ သူတို့ရွာကလေးသို့ ရောက်လေ့ရှိ၏။

"ငါပြောတယ်မဟုတ်လား၊ အခုတော့ အကြာကြီးစောင့်နေရဦးမှာ၊ ပစ္စည်းတွေ အပ်ထားပြီး မြင်းလှည်းငှား၊ ရွှေစည်းခုံဘုရားသွားဖူးတောင် အေးအေးလေး မီသေးတယ်"

"အစ်ကိုကရော ဖူးမှာမို့လား"

"နင်သွားဖူးလေ၊ ငါ ဒီနားမှာပဲ စောင့်မယ်"

"ကျုပ်တစ်ယောက်တည်းတော့ သွားချင်ပေါင်"

"ဒါဆိုလည်း ဈေးဘက်ဆက်သွားပြီး တစ်ခုခုသွားစားမယ်၊ လာ..ပြီးတော့မှ သည်ပြန်လာတာပေါ့"

သို့နှင့် မောင်နှမနှစ်ယောက် ညောင်ဦးဈေးထဲသွားပြီး မုန့်တီစားကြသည်။ သူတို့မောင်နှမ မုန့်တီစားနေစဉ်...

"ဟော့...မြနု...မြနု မဟုတ်လား၊ ဟယ်တော့် ကိုကြီးဘုန်းကျော်ရောပါတယ်၊ ဘုန်းကြီးပျံ လာကြတာလား"

အားရဝမ်းသာ နှုတ်ဆက်သံကြောင့် လှည့်ကြည့်လိုက်တော့ မြနုနှင့် ကျောင်းနေဖက် ရွာထဲမှ မိစံကို တွေ့ရသည်။

"ဟယ်...မိစံ ဝမ်းသာလိုက်တာအေ၊ ဟုတ်တယ် ငါတို့ ဘုန်းကြီးပျံ လာကြတာ၊ ညည်းရော ညောင်ဦး ဘယ်တုန်းကရောက်လဲ၊ ကနေ့ ရွာပြန်မှာလား"

"ပြန်မှာ၊ ငါ မနေ့ကတည်းကလာတာ၊ ညက ညောင်ဦးမှာ အိပ်တယ်၊ ဈေးဝယ်လာတာအေ့၊ ဒီကဆွဲတာနဲ့ တစ်ည နေလိုက်တာ၊ ကနေ့ ရွာကားနဲ့ပြန်မှာ"

"အတော်ပဲ အဖော်ရပြီ၊ ကားက ရောက်တောင်မရောက်သေးဘူးအေ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ရောက်လည်း အစောကြီးရှိသေးတာ၊ ကားက နေ့လယ် တစ်နာရီလောက်မှ ထွက်မှာအေ့၊ လုပ်မနေနဲ့ ကောင်မ ညည်း ကျုပ်နဲ့ လိုက်ခဲ့၊ ကျုပ်အစ်မအိမ်ကို၊ ရေမိုးချိုး ထမင်းစားပြီးမှ ကားဆိပ်ပြန်မယ်"

"အေး ကောင်းတယ် မိစံ၊ မြနုကို ခေါ်သွား၊ ငါ ဟိုနား သည်နား လျှောက် လည်ဦးမယ်၊ ပြီးတော့ ကားဂိတ်မှာစောင့်မယ်၊ ငါ့မတွေ့ရင် ဘုရားတန်ဆောင်းကလေးထဲ မှာကြည့် ဟုတ်လား"

မြနု သူ့အစ်ကိုကို မျက်စောင်းထိုးလိုက်သည်။ ဘုန်းကျော်က ထွက်ပေါက် တွေ့သွားသည့်ပုံဖြင့် မုန့်တီ သုတ်သုတ်စားပြီး တက်ကြွစွာ နှမနားမှ ထွက်ခွာသွားသည်။

မြနုတို့သူငယ်ချင်းနှစ်ယောက်လည်း တစ်မနက်လုံး စကားတွေပြောမကုန်နိုင် အောင် ရှိကြသည်။

"ဘုန်းကြီးပျံကအေ လွတ်ကိုစည်မှာ၊ ရွာမှာ ဘုန်းကြီးဦးကောက ယောက်ျား လေးတွေကို သိုင်းနင်းပြာသာဒ်ကြီးဆောက်ပြီး သိုင်းနင်းပူဇော်ဖို့ သိုင်းဆရာ ခေါ်သင်နေ တာအေ့၊ ညကျ ညည်း မြင်ရပါလိမ့်မယ်၊ တော်ချက်အေ၊ မိန်းကလေးတွေလည်း အယောက်လေးဆယ်ကျော်လောက်ရှိတယ်၊ နှစ်သုတ်ခွဲပြီး သီချင်းတစ်ပုဒ်စီနဲ့ လေ့လော့ ယိမ်းတိုက်နေကြတာ၊ ကရဝိက်ဖောင်နဲ့ ဆရာတော့်ရုပ်ကို ပူဇော်မလို့"

"ကရက်ဝိက်ဖောင်ကြီးလည်း ရှိတာပေါ့"

"ရှိတာပေါ့အေ့၊ ကရဝိက်ဖောင်ကြီးရော၊ သိုင်းနင်းပြာသာဒ်ကြီးရော၊ ညောင်ဦး ကဆရာတွေ လာလုပ်နေတာအေ လုလိုက်တာ ဖိတ်ဖိတ်ကို လက်နေတာပဲ၊ ကျုပ်တို့ တစ်သက် တစ်ခါမှ မမြင်ဖူးပေါင်တော်၊ ရွာထဲမှာလည်း တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ပဲ"

"ဒီနှစ် မြေပဲတွေလည်း တအားအောင်ကြပဲဆို"

"ဟုတ်ပါ့၊ ဆရာတော် ကုသိုလ်ပဲအေ့၊ နှစ်နှစ်ဆက်တိုက် ရေမရလို့ ကျုပ်တို့ရွာ ပဲမအောင်ကြတာ။ သည်နှစ်မှအေ ဆရာတော် ဘုန်းကြီးပျံစည်ဖို့ဖြစ်လာတာ ဆရာတော် တန်ခိုးပဲတော့်၊ အိမ်တိုင်း အိမ်တိုင်း မြေပဲတွေအောင်ပြီး ပေါ်ငွေဖြစ်နေတော့ လွတ်ကို လှူနေကြတော့တာပဲအေ့"

"ငါက ဘုရားပွဲတုန်းကတည်းက လာချင်တာ၊ အမေ မရှိတော့ ဘယ်လိုနေမှန်း မသိတာနဲ့ မလာဖြစ်တာ၊ ငါ့အစ်ကိုကလည်းအေ မမညိုနဲ့ သေပြီးကတည်းက အရက်ချည်း ဖိသောက်နေတော့တာ၊ သူ့နဲ့လည်း ခရီးမသွားချင်တာ ပါတယ်အေ့၊ ကျုပ်တစ်ယောက် တည်းမှလည်း မလာရဲတာ"

"ကြားပါ့အေ ကြားပါ့၊ သူ့ခမျာလည်း သနားစရာကြီးပါအေ၊ ကျုပ်တို့က ဇာတ်ကြောင်းသိတွေဟာကို"

"အဲဒါ ထားပါအေ၊ အငြိမ့်လည်း သွင်းမလို့ဆို"

mgyoe.com

mgyoe.com

"အငြိမ့်တောင်မကဘူးအေ့၊ ဇာတ်ပါသွင်းမှာ၊ အငြိမ့်က တစ်ညာ၊ ဇာတ်က တစ်ညာ၊ ဖယောင်ကျူးဖို့ မင်းသမီးက သတ်သတ်ငှားထားတာတဲ့၊ ညည်းအေ အဲဒါတွေကပဲ ကုန်ကျစရိတ်နည်းမှတ်လို့၊ ဦးကောတို့ လွတ်ကြဲနေတာတော့"

ဝမ်းပန်းတသာနှင့် အားရပါးရကြီးပြောနေသော မိစံကိုကြည့်ကာ မြနုဆီသို့ပါ အပျော်တချို့ ကူးစက်လာသလို ရှိသည်။

ဦးကောဆိုသည့် ဘုန်းဘုန်းကား ဆရာတော်ကြီး၏ သားတပည့်တွေထဲမှ အငယ်ဆုံးနှင့် အထူးချွန်ဆုံးဖြစ်သော ပခုက္ကူစနစ်သစ်ပုထိုးတိုက်မှ ကျောင်းထိုင်ကိုယ်တော် ဦးကောသလ္လ ဖြစ်သည်။ ရွာထဲတွင် ဆရာတော်ကြီး၏ တပည့်ပီသစွာ တစ်ရွာလုံးအပေါ် ဩဇာသြောင်းသည်။ ဦးကောက ဒါဆိုလျှင် ဒါပဲဖြစ်ပြီး ယခုလည်း ဆရာတော်ဘုရားကြီး၏ ဘုန်းကြီးပျံတွင် ဦးကော၏ တစ်သွေးတစ်သံ တစ်မိန့်သာ ဖြစ်ကာ တစ်ရွာလုံး ညီညွတ်ပေါင်းစည်းကာ ဘုန်းကြီးပျံ စည်ကားရေးကိုသာ ဦးတည်နေကြ၏။ ကံကျောင်းဆရာတော်ဘုရားကြီး၏ အစွမ်းအစနှင့် ဂုဏ်ကျေးဇူးတော်တို့ကလည်း တစ်ရွာလုံး ဆပ်၍ကုန်နိုင်ဖွယ်ရာ မရှိ။ မြနုတို့ ဘိုးဘွားမိဘကအစ မြနုတို့၊ ဘုန်းကျော်တို့အထိ ဆရာတော့် ကျေးဇူးအရိပ်အောက်က မလွတ်။ မြနုတို့ တစ်ရွာတင်မက မြနုတို့အပိုင် ၁၂ ရွာလုံး ဆရာတော့်အရိပ်အောက်က မလွတ်။

ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာအကြောင်းကို မျိုးဆက်သုံးဆက်ထိအောင် ပြောကြားသိရှိလာခဲ့ရသော မြနုတို့အသိတရားထဲတွင်ကား ယခင်က ကျောက်ပြင်ကဲ့သို့သော အလားသဏ္ဍာန်ရှိသော ကုန်းကမူသေးသေးကလေးပေါ်တွင် သီတင်းသုံးနေထိုင်တော်မူသော အရှင်စန္ဒိမာ၏ ကျောင်းသခ်မ်းကလေးပတ်လည်တွင် ချိုင့်ဝှမ်းအချို့နှင့် ခပ်လှမ်းလှမ်းတွင် ထန်းတောများရှိနေပြီး ထိုထန်းတောထဲမှ ကလေးသူငယ်များနှင့် ရွာနီးချုပ်စပ်ယာတောကိုင်းတောထဲမှ ယာသမား ကိုင်းသမားများ၏ ကလေးသူငယ်များကို ဆရာတော်က သူ၏ ကျောင်းကလေးသို့ခေါ်ကာ သင်ပုန်းကြီးမှစ၍ နှစ်စောင်တွဲ၊ မင်္ဂလသုတ်စသည်ဖြင့် သင်ပေး၏။ ကလေးတွေ စာအံနေဆဲဝယ် ဆရာတော်က ကပ္ပိယတစ်ယောက်ကို ဝါးဖြာခိုင်းကာ နှီးများ ထန်းလက်များဖြင့် တောင်းကလေးတွေ ရက်နေသည်ဆို၏။ နေ့လယ် စာသင်ပြီး ညနေ နေချိုချိန်တွင် ကလေးကြီးများကို မြေပိုရှိသည့်နေရာများမှ သူရက်ပေးထားသော တောင်းကလေးတွေဖြင့် တစ်နေ့ ဆယ့်နှစ်ခေါက် စသည် သတ်မှတ်ပြီး မြေသယ်ကာ ကျောင်းဝင်းကလေးကို ဖို့စေသည်။ မြနုတို့ဘကြီးတွေ၊ မြနုတို့အဖေတွေ ငယ်ငယ်က ဖို့ခဲ့သော မြေနေရာကလေးသည် တစ်စ တစ်စ ကျယ်ဝန်းလာခဲ့သည်။ မြေကျယ်သလောက် ရွာနီးချုပ်စပ်မှ လူတွေကိုပါ တဖြည်းဖြည်းခေါ်ပြီး သင်လာခဲ့သော အဝန်းအဝိုင်းသည် မျိုးဆက်နှစ်ဆက်မျှ ရှိသောအခါ ကြီးမားသည်ထက် ကြီးမားကျယ်ပြန့်လာကာ ဆရာတော်၏ ထန်းလက်ကျောင်းကလေးသည်လည်း တပည့်အဆက်ဆက်ကြောင့် ကျောင်းကြီးတစ်ကျောင်း ဖြစ်လာပေမည့် ဆရာတော်ကတော့ ထိုစာသင်စာချ

mgyoe.com

mgyoe.com SAMPLE BOOK


သည့် အလုပ်ကို သက်တော်ခုနစ်ဆယ်ကျော်၍ အိုမင်းမစွမ်းရှိမှပင် ရပ်တော်မူသဖြင့် မြနုတို့၊ ဘုန်းကျော်တို့၊ မိစံတို့ပင် ဆရာတော့်ကျောင်းထွက် ဖြစ်ခဲ့ဖူး၏။ ယခု ဆရာတော် ပျံလွန်ချိန်တွင်ကား သက်တော် ၈၇၊ ဝါတော် ၆၇ ရှိပေပြီ။ ဆရာတော့်ကျောင်းမှစပြီး စာအံသွားသော မြောက်ကုန်း၊ သန္တေပင်၊ ကြို့ကြိုင်း၊ မယ်ဝတီး၊ ပြာပုံ၊ တဲမ၊ ဆည်၊ ခက်လန်းကန်၊ ထဲကုန်း၊ ဆင်သားမွေး၊ ကုလားတဲ စသည့် ပတ်ဝန်းကျင်ရွာများမှ ဒကာ၊ ဒကာမများသည် ထိုရွာများတွင်သာမက အချို့ပညာတတ်ကြီးများဘဝဖြင့် ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဘိုကလေး၊ မော်လမြိုင် စသည့် မြို့များသို့ ရောက်နေကြသော်လည်း ယခု ဆရာတော်၏ နောက်ဆုံးခရီးကို အရောက်လာကြခြင်းဖြင့် ဆရာတော့်အား ပူဇော်ရန် အသင့်ရှိကြသည်။

❑

ရွာနားရောက်လေ မြနု ရင်တွေခုန်လာလေဖြစ်သည်။ ဘုန်းကျော်က ကားအမိုးပေါ်မှာမို့ မူးပြီးများ ကျမလားဟု ပူရသည်ကတစ်ဖက်၊ ညောင်ဦးမှနေ၍ သည်ရွာစဉ် တစ်လျှောက်မောင်းသည့် ကားကြီးတွေက အတက်ရခက်သည့် ကုန်တင်လော်လီကားကြီး တွေ ဖြစ်သည်။ ကုန်တွေ အရင်တင်ပြီး ကုန်တွေပေါ်က လူက တက်ထိုင်ကာ အမိုး သံကိုင်းတွေကို အားပြုကိုင်သူကိုင်၊ ထိုအမိုးပေါ် ထိုင်သူကထိုင်နှင့် လမ်းကလည်း ကြမ်းလွန်းလှသဖြင့် ကားမှာ ဘယ်ညာလူးပြီး တကျိမ်းကျိမ်း ဖြစ်နေသည်။ မနက်က မိစံနှင့် မြနု ကားဂိတ်ရောက်တော့ ဘုန်းကျော်မှာ ထုံးစံအတိုင်းမူးပြီး ဘုရားတန်ဆောင်းရုံ ကလေးအတွင်း အိပ်ပျော်နေသည်။ ကားရောက်လာပြီး ခရီးသည်တွေဆင်း၊ ကုန်တွေ တင်ပြီးတော့မှ သူ့ကိုနှိုးကာ ကုန်တွေပေါ် တက်ခိုင်းရသည်။ နောက်ထပ် လူတွေတက် တော့ ဘုန်းကျော် အလယ်ရောက်သွားပြီး အားလုံးက ရွာစဉ်တစ်လျှောက်က မျက်နှာသိ တွေမို့ မြနု သူ့အစ်ကိုကိုအပ်ပြီး မိစံနှင့် နှစ်ယောက် ရှေ့ခန်းမှာ စီးခဲ့ရသည်။ မိစံက ရွာမှလာကတည်းက ပြန်မည့်ရက်အတွက်ပါ ကားရှေ့ခန်းကို ဒရိုင်ဘာနှင့်ပြောပြီး နေရာ ဦးထားပြီး ဖြစ်သည်။

"ကိုရင်ဘုန်းကျော်ကြီးက မြို့မှာဆိုလည်း သည်လိုပဲ အမြဲမူးနေရောလားအေ"

မိစံက မြနုကို မေးလိုက်သည်။

"မူးတော့မူးတယ်၊ ဒါပေမဲ့ ညနေမှ မူးတာအေ့၊ အလုပ်လုပ်နေရတဲ့အချိန်ကျ သူသောက်ချင်လို့လည်း မရဘူးလေ၊ သူ့အလုပ်က ကားမောင်းတဲ့အလုပ် မဟုတ်လားအေ့၊ ပြီးတော့ သူ့ဆရာကားကို မောင်းရတာ၊ ညနေ ပြန်လာလို့ ကားဝင်ထားခဲ့ပြီးပြီဆိုရင်တော့ တန်းသောက်လာတော့တာပဲ၊ အခုကျတော့ အလုပ်ခွင့်ယူထားတဲ့အချိန်ဆိုတော့ နေ့ရော ညရောပေါ့အေ၊ ပြီးတော့ သူက ရွာကိုမပြန်ချင်ဘူးအေ့၊ ဘုန်းကြီးပျံမို့လို့သာ၊ ငါ့လည်း

mgyoe.com

ပို့ရတာမို့ လိုက်ခဲ့တာ''

''ခင်ထားကတော့ ညည်းအစ်ကိုကို စိတ်ကုန်ရှာပုံ မပေါ်ဘူးနော် မြနု၊ ကိုရင်ဘုန်းကျော်သာ အကွက်မြင်လို့ကတော့ သည်ပွဲဟာ ချက်ကောင်းပဲအေ့''

''တော်စမ်းပါ မိစံရယ်၊ ငါ့အစ်ကိုက မှုဆိုးဖို၊ သူက အပျို၊ ချမ်းကလည်းချမ်းသာသေး ယူမလားတော့၊ အရင်ကတောင် မယူခဲ့တာ ခုသာဆိုးတော့မပေါ့''

''သူ့အခြေအနေက အရင်ကနဲ့မှ မတူတာအေ့၊ အရင်က အရီးစံလှကို ကြောက်လည်း ကြောက်ရ၊ ညှာလည်း ညှာရနဲ့ကိုး၊ အခု သူ့အိမ်မှာ သူဘုရင်အေ့၊ ဘယ်သူ့မှ ကြောက်စရာမလိုဘူး၊ ရည်းစားသနံလည်း မရှိ၊ အနေအထိုင်ကလည်း လွတ်တော်တာ၊ မျက်နှာကြောက တင်းလို့ ဘယ်ကာလသားမှ မကပ်ရဲဘူးတော့၊ ရွာထဲက လူကြီးတွေကလည်း သူ့ဆို အကုန်ချစ်တာ၊ ကျောင်းမှာလည်း သူက ပစ္စည်းလေးပါးဒကာမို့ ဆရာတော်တွေကို ကြောက်တာနဲ့ သူ့ ဘယ်သူမှ မစဝံ့ဘူးတော့၊ ညည်းအစ်ကိုသာ သတ္တိရှိလို့ကတော့''

''အောင်မယ်လေးတော် ဝေးသေး၊ သူက မမခင်ထားကို စိတ်နာနေတာ၊ အခုတစ်ခါ မုဆိုးဖိုတောင် ဖြစ်လာပြီဆိုတော့ ရှက်ကလည်းရှက်၊ ရွာမှာ ထန်းရည်တောင် မသောက်ဖူးတဲ့လူက အရက်သမားလည်း ဖြစ်လာပြန်ဆိုတော့ ပိုတောင်ရင်မဆိုင်ဝံ့ဦးမှာ၊ ကျုပ်အစ်ကိုအကြောင်း ကျုပ် သိပါ့တော်၊ ညည်းမယုံ ကြည့်နေ၊ ဆရာတော်အလောင်းတောင် မနည်းသွားဖူးခိုင်းရမှာ''

''ညည်းအစ်ကို အပြင်မထွက်လို့ကတော့ မသိဘူး၊ အခု ခင်ထားကတော့ ကျောင်းဆွမ်းပို့ တစ်နေ့ တစ်ခေါက် မှန်မှန်ရောက်ပေါ့၊ ပြီးတော့ အခု ဘုန်းကြီးပျံမှာ ဆရာတော့်အရိုးဂူကို သူ့အဖေ၊ အမေနာမည်နဲ့ တစ်ယောက်တည်းလှူဖို့ စာရင်းပေးပြီးသားတော့''

''ကောင်းတာပေါ့၊ ငါတို့လည်း အမေ့အတွက် ဘာလှူဖို့ အဖေ စိတ်ကူးထားလဲ မသိဘူး၊ ရွာရောက်ခါနီးလေ အမေ့ကို လွမ်းလေပဲအေ''

မြနုစကားအဆုံးမှာ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။ ယခင်က လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်ကာလာသည်ကို စာဆိုတို့ ဖွဲ့ခဲ့သည်ကို ယခုပြောင်းလဲမှုဖြစ်စဉ်အရ ကားလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်နေတာကို မွေးပွလက်ကိုင်ပဝါနှင့် နှာခေါင်းကိုအုပ်ကာ ကာကွယ်ရင်း တဖြည်းဖြည်း ပိုမို၍ အညာပီသလာသော လမ်းဘေးဝဲယာနှင့် အဝေးမြင်ကွင်းများက ယှက်ဖြာအုပ်မိုးထားသော အကိုင်းအခက်အရွက်စိမ်းစိမ်းများ၊ ပင်စည်ထွားထွားနှင့် တမာပင် ထနောင်းပင်များ၊ ကုန်းခေါင်ခေါင် ကျောက်စရစ်မြေ မိုးနည်းရေရှားအရပ်မှာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ပြီး တစ်ရစ်ပြီးတစ်ရစ် ရှင်သန်နေသော ထန်းတောများကို ငေးလာရင်းမှ ရွာထိပ်ကို ရောက်လာသည်။ ကားစက်မသတ်

mgyoe.com

mgyoe.com SAMPLE BOOK


ခင်ပင် ရွာအဝင် ထန်းတောအစပ်မှ အုတ်ဂူဖြူဖြူလေးကို ကားပေါ်မှ အထင်းသား လှမ်းမြင်လိုက်ရသည်။

"အမေ…"

မြနန္ဒာတ်မှ လွှတ်ခနဲထွက်သွားပြီး ကားရပ်သည်နှင့် ရှေ့ခန်းတံခါးကိုဖွင့်ကာ ခုန်ဆင်းမိပြီးသား ဖြစ်သွားသည်။

"မိစံ…အစ်ကို့ကို လိုက်ခဲ့လို့ ပြောလိုက်၊ ငါ သွားနှင့်ပြီ"

ဆိုပြီး မြနု လက်ဆွဲအိတ်ကိုလွယ်ပြီး ယာခရိုးအတိုင်းပြေးပြီး သူတို့ထန်းတောဆီ သုတ်ခြေတင်ခဲ့သည်။ ရွာထိပ်ကို မျက်နှာလှည့်ထားသော အမေ့အုတ်ဂူဖြူဖြူသည် မြနုကို ကြိုနေသည့်ဟန် ရှိသည်။

ဒေါ်သိန်းမြ

……….နေ့တွင် ကွယ်လွန်သည်။

"အမေရေ သမီးလာပြီလေ၊ အမေ…မြနု ပြန်လာပြီ အမေရ"

အမေ့အုတ်ဂူဖြူဖြူ၏ ဦးထိပ်မျက်နှာဝကို နဖူးနှင့်ထိ၍ မြနု တရှိုက်မက်မက် ငိုကြွေးနေမိသည်။ တစ်ခဏအကြာ၌ မြနု၏ ပခုံးပေါ်သို့ လက်တစ်စုံ ကျလာပြီး…

"လာဟာ…မြနု၊ အိမ်မှာ အဖေတို့ စောင့်နေကြပြီ၊ ကျော်ဌေးနဲ့ ညွန့်စိန်တောင် အိတ်တွေ လာသယ်သွားကြပြီ၊ လာ…သွားစို့"

ဟူသော အသံကြားမှ မြနု မော့ကြည့်လိုက်တော့ ဖုန်အလိမ်းလိမ်း ခေါင်းစုတ် ဖွားနှင့်ဘုန်းကျော်။ သူနှင့် မလှမ်းမကမ်းမှာ ရပ်စောင့်နေသော သူငယ်ချင်းမိစံနှင့် အစ်ကိုနှင့် နှမ၏ အိတ်များကို သယ်သွားကြသော ညွန့်စိန်နှင့် ကျော်ဌေးတို့ကို ထန်းတော အစပ်မှာ လှမ်းမြင်ရသည်။ သူတို့လည်း အမေ့အုတ်ဂူနားမှာ နှမလေး၏ ခံစားမှုကို မကြည့်လည်း မကြည့်ရက်၊ မချော့လည်း မချော့တတ်၍ တစ်လှမ်းချင်း ဖြည်းညင်းစွာ ကျောပေးပြီး သွားနေကြသည်။

"နေဦးတော့၊ အမေ့ကို ကန်တော့ဦးမယ်"

မြနုက အမေ့ဂူကို ကန်တော့တော့ ဘုန်းကျော်ကပါ ထိုင်ဦးချသည်။ မိစံက မြနုနားလာ၍ လက်တွဲကာ ရွာဘက်သို့ လျှောက်လာကြသည်။ ရွာစည်းရိုးအတွင်း ရေတွင်းကုန်းနားအရောက်တွင်တော့ ဘုန်းကျော်၏ 'ဟာ' ဟူသော အသံနှင့်အတူ မြနုနှင့် မိစံကို ဖြတ်ကျော်တက်ကာ ရွာထဲ ကသုတ်ကရက်နှင့် အပြေးအလွှားဝင်သွား ပုံကြောင့် မြနု ရုတ်တရက် ကြောင်သွားသည်။

"အိမ်နားရောက်ခါနီးမှ ဘာဖြစ်သွားတာလဲ၊ ငါ့တောင် မစောင့်တော့ဘူး"

ဟု စိတ်ထဲမှ ရေရွတ်ရင်း နှစ်နှစ်ကျော် သုံးနှစ်နီးပါး ဝေးကွာလာခဲ့သော ရွာစည်းရိုးအတွင်းက မပြောင်းမလဲ နဂိုမြင်ကွင်းအတိုင်း ရှိနေသေးသော ထနောင်းပင်အို ကြီးနှင့် ရေတွင်းကုန်းကလေးကို ဝေ့ဝဲ၍အကြည့်တွင် ထနောင်းပင်အောက်မှ အရိပ်တစ်ခု

mgyoe.com

ကို သူ အနီးကပ်မြင်လိုက်ရသည်။

"ဟင်…မမခင်ထား"

ရှားရောင်ဖြောင်ပေါ်တွင် အဝါနုရောင် ပန်းပွင့်ကျဲကျဲများ ဖောက်ထားသော ထဘီ၊ အင်္ကျီလက်ရှည်ရင်စေ့ အသားရောင်နှင့် ပခုံးပေါ်တွင် တဘက်အညိုပျော့တစ်ထည် တင်ထားသော ခင်ထားကို နဂိုကအတိုင်း သွယ်လျလျနှင့် မပြောင်းမလဲ လှနေဆဲအတိုင်း တွေ့လိုက်ရသည်။ ခင်ထားက ထနောင်းပင်ရိပ်အောက်မှာ မလှုပ်မယှက် ရပ်နေရင်းမှ အနီးရောက်လာသော သူတို့ကို နှုတ်ဆက်သည်။

"မြနုနဲ့ မိစံ ညောင်ဦးမှာ တွေ့လာကြတာလား"

ဆိုတော့ မြနုက 'ဟုတ်ကဲ့'ဟု ဖြေပြီး မိစံကတော့…

"မမခင်ထား ဒီမှာ ဘာလုပ်နေတာလဲ"

ဟု မေးလိုက်တော့…

"ကျောင်းကလာတာပါ၊ ဒီအချိန် ရွာကားဆိုက်နေကျဆိုတော့ ဘယ်သူတွေများ ပါလာမလဲလို့ ရပ်ကြည့်နေတာပါ၊ ဘာရယ် မဟုတ်ပါဘူး"

ခင်ထား၏အဖြေက အကာအကွယ်တစ်ခုခုကိုယူ၍ ဣန္ဒြေဆည်ထားမှန်း မိစံက သိလိုက်သည်။ မြနုက…

"မမခင်ထား၊ နေကောင်းတယ်နော်"

ဆိုတော့…

"ကောင်းပါတယ် မြနုရယ်၊ ငါ့ညီမရော မြို့မှာ အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် မမခင်ထား၊ အမေဆုံးတုန်းက ရွာပြန်မရောက်လိုက်တာပဲ စိတ်မကောင်းတာ"

"ဖြစ်ပြီးတာလည်း ပြီးပြီပဲကွယ်၊ ပြန်ပြီးစိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ မြနုတို့ကမှ အဖေတစ်ယောက်လုံး ရှိပါသေးတယ်၊ မမခင်ထားဆို တစ်ကောင်ကြွက်ဘဝနဲ့ သည်လိုနေရတာပဲ"

မြနု ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသေးခင်မှာပင် ခင်ထားက…

"ကဲ…သွားကြတော့၊ သွားကြတော့၊ အိမ်က မျှော်လှရောမယ်၊ မြနုလည်း မမခင်ထားတို့အိမ် အလည်လာဦးလေ၊ ရွာမှာလည်း တို့ရွာသားတွေ အတော်ပြန်ရောက်နေကြပြီ၊ ဆရာတော့်ဘုန်းကြီးပျံကို တစ်နေ့ တစ်နေ့ ရောက်လာတဲ့သူတွေ မနည်းဘူး၊ တစ်ရွာလုံးက ငယ်ငယ်တုန်းက ကစားဖက်တွေ၊ ကျောင်းနေဖက်တွေကို ပြန်တွေ့ကြရလို့ အိမ်တိုင်း အိမ်တိုင်း ညဆို လက်ဖက်ရည်ဝိုင်းနဲ့ တော်တော်အိပ်ရာမဝင်နိုင်ကြဘူး၊ နေ့တိုင်း ကားဆိုက်ချိန်ဆို တစ်ပိုင်းမဟုတ် တစ်ပိုင်းက ရွာသားဟောင်းတွေ ပါလာကြတာပဲ၊ မြနုတို့လာတာ နောက်တောင်ကျသေးတယ်"

မြနုမှာ ခင်ထားကိုမြင်တော့လည်း ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်ရပြန်သည်။

mgyoe.com

မိစံကတော့ ခင်ထားနှင့် လှမ်းလာသည်နှင့်…

“ဟော့ကောင်မ ငါမပြောလား”

ဟူသော အမိပွာယ်ပါပါအကြည့်နှင့် မြနုကို မျက်စတစ်ချက်ပစ်ပြသော်လည်း မြနုကတော့ လေယူလေသိမ်းရော အနေအထိုင်ပါ အေးဆေးတည်ငြိမ်နေသော ခင်ထား အပေါ် အထင်မသေးဝံ့ပါ။ ပြီးတော့ သူက နဂိုကတည်းက ခင်ထားကို ချစ်ခင်ခဲ့သူ၊ ခင်ထား၏ အလှအပနှင့် ဣန္ဒြေကို အထင်ကြီးခဲ့သူပင်။

❑

မြနုတို့အိမ်မှာ မောင်နှမခုနစ်ယောက် ဆုံကြသည်။ ဘုန်းကျော်၊ ကျော်ဌေး၊ အစန်း၊ အနွဲ့၊ ညွန့်စိန်၊ ဇော်ဝင်း၊ မြနု။ အညာအိမ်ဝိုင်းကြီးထဲတွင် ကျော်ဌေး၊ အနွဲ့နှင့် ညွန့်စိန်တို့က သူ့အိမ်ကလေးတွေနှင့်သူ နေကြပြီး အစန်းနှင့် ဇော်ဝင်းတို့ လူလွတ်တွေက အဖေနှင့်အတူဆိုပေမင့် အားလုံးသည် တစ်ဝိုင်းတည်းနေကြသူတွေမို့ အဖေ့အိမ်ရှေ့ မြေတလင်းထဲမှ ကွပ်ပျစ်ကြီးတွင် ဝိုင်းဖွဲ့မိကြတော့ အားလုံး၏ရင်ထဲတွင် ထုတ်မပြောပေ မင့် အခါတိုင်းတွင် သားသမီးတွေအလယ်မှာ အကြမ်းခွက်ကလေးနှင့် တပြုံးပြုံးရှိနေတတ် သော အမေ့ကို သတိရသည်။ သူတို့မိသားစုအားလုံး ဆုံကြသောအချိန်သည် ထိုတစ်ညနေ ခင်းလေးသာဖြစ်ပြီး ဘုန်းကျော်က ခဏနေတော့ လှစ်ခနဲ ပျောက်သွားကာ မကြာခင် ဒယီးဒယိုင်နှင့် ပြန်လာကာ အိမ်ထဲဝင်၍ အိပ်လေတော့သည်။ မြနုကသာ ညနေက မိစံ မှာထားသည့်အတိုင်း ရေမိုးချိုး ထမင်းစားကာ စကားဝိုင်းဖွဲ့အပြီး မိစံ လာခေါ်သည် နှင့် ဆရာတော့်ရုပ်ကလာပ်ကိုဖူးရန် စံကျောင်းသို့ ထွက်လာခဲ့သည်။

တစ်ရွာလုံးက ဘုရားပွဲ ကျင်းပတုန်းကပုံလို အသွားအလာများ စည်ကားလျက် ရှိသည်။ လသာညမို့ အိမ်ဝိုင်းတွေတိုင်းမှာ ခပ်ကျဲကျဲ ခြံစည်းရိုးများအကြားမှ မြေပဲပုံများ၊ အညာအိမ်ကလေးများ၊ တချို့နေရာများတွင် လှည်းနွားများကို မြင်နေရပြီး ရွာလယ်လမ်းမ ကြီးက ဖြောင့်ဖြူးကာ ကံကျောင်းဘက်ဆီမှ လော်ကားယိမ်းတိုက်သံများ၊ သိုင်းနင်း ပြသာဒ်တိုက်သံများက တစ်ချက် တစ်ချက် ရွာထဲသို့ လွင့်ပျံ့၍လာသည်။

“လာ…မြနု၊ ဆရာတော်ဘုရားရုပ်ကလာပ်ကို အရင်ဆုံး သွားဖူးမယ်၊ ပြီး တော့ လော်ကားတိုက်တာ သွားကြည့်ကြမယ်၊ တစ်ရွာလုံးက အပျိုလေးတွေလည်း ကုန်ပြီတော့၊ အားလုံး လော်ကားယိမ်းထဲပါကြတာ၊ အခုနေ အိမ်သွားကြည့်၊ တစ်ယောက် မှ မရှိတော့ဘူး၊ အိမ်ထောင်သည်တွေပဲ ကျန်တယ်၊ အဲ ညည်း မမစန်းတို့၊ မမခင်ထားတို့ လို အပျိုကြီးတွေကျ ကျောင်းဝေယျာဝစ္စပေါ့”

“ညည်းကျတော့ကော၊ ဘာမှ မလုပ်ရဘူးလား”

“နေရပါလိမ့်မယ် အားကြီး၊ ကျုပ်က လော်ကားယိမ်းအတွက် အဝတ်တွေ

mgyoe.com

ဝယ်ရချုပ်ရတဲ့အထဲနေရတာ၊ ဒါကြောင့် ကျုပ် ညောင်ဦးသွားလို့ရတာပေါ့၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကိုယ့်အလုပ်လည်း လုပ်ရ၊ အဲဒီကိစ္စလည်း လုပ်ရပေါ့"

သူတို့ပြောရင်းနှင့် ဆရာတော်ဘုရားကြီးရုပ်ကလာပ်ထားရာ ယာယီစံကျောင်းသို့ ရောက်လာကြသည်။ ဆရာတော်ဘုရားကြီးကို မှန်ခေါင်းနှင့် အသေအချာ ကြာရှည်ခံအောင် စီရင်ထားသဖြင့် ခြောက်သွေ့ပါးလျားကာ နဂိုရုပ်ရည်မပျက်ဘဲ ကြည်ညိုဖွယ်အတိ ရှိနေသည်။

သက်တော် ၈၃ နှစ် ရှိတော်မူပြီဖြစ်သော ဆရာတော် ဘဒ္ဒန္တစန္ဒိမာကား တစ်ရွာလုံးကို မျိုးဆက်နှစ်ဆက်ကျော် သုံးဆက်နီးပါးအထိ အသိအလိမ္မာ၊ ဉာဏ်ပညာများကို ဖြန့်ဝေလက်ဆင့်ကမ်းကာ တာဝန်ကျေပွန်ပြီးသကာလ ဘုရား၊ ရဟန္တာတို့သော်မှ ရှောင်လွှဲ၍ မရလေသော အနိစ္စသဘောသို့ လိုက်လျောကာ ဘဝနတ်ထံ ပျံလွန်တော်မူလေပြီ။ မြနု ထိခြင်းငါးပါးဖြင့် ဆရာတော်ဘုရားကြီးကို ကြည်ညိုလေးမြတ်စွာ ဝပ်တွားကန်တော့လိုက်သည်။ ဆရာတော်သည်သာ ဤအရပ်၏ အမိ၊ ဤအရပ်၏ အဖ ဖြစ်သည်။ မိရင်း ဖရင်း ကွယ်လွန်၍ပင် ရောက်ခွင့်မသာကြသော မြနုကဲ့သို့ လူအချို့ကိုလည်း ဆရာတော့်ဈာပနတွင် တွေ့ရသည်။ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသတွင် သာသနာ့တာဝန်၊ လူမှုတာဝန် ကျေလွန်းခဲ့သော ဆရာတော်၏ နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် ခရီး ဤမျှစည်ကားသည်ကို မြနု တစ်ချိန်ထက်တစ်ချိန် မြင်ရတော့ ထပ်ကာ ထပ်ကာ အံ့သြရသည်။

ဆရာတော့်စံကျောင်းမှနေ၍ ဆွမ်းစားကျောင်း အနောက်ဘက်ဆောင်အတွင်း တွင်ကား ရွာထဲက အပျိုပေါက်များဖြစ်သည့် ဝင်းနုတို့၊ မြစန်းတို့၊ အကြည်လေးတို့နှင့် ရွယ်တူကလေးတွေ အယောက်လေးငါးဆယ်ကို တစ်စုတည်း တွေ့ရသည်။ လော်တက်ကိုယ်စီနှင့် မိန်းကလေးအယောက်နှစ်ဆယ်ကျော်တို့၏ အေးငြိမ်းသောအသံနှင့် တညီတညာ ပြိုင်တူလော်နေကြသော လော်ကားယိမ်းကား ကြည့်၍ကောင်းလှသည်။

"ကံကျောင်းတော် မဟာထေရ်...ဆရာတော်ဘုရားကိုလာ့...ဤနယ်ရွာ... တပည့်များရယ်မှ...ရွှေသားရွှေဖောင်က...ရွှေတောင်တမျှနဒီယံ စခန်းကိုလေး...မြန်းကြွဖို့...လော်..."

"နှင်းငွေမှန်ဖျော်...ရွှေပြည်နန်းကိုလာ့...ကော်ရော်ကာမှန်းရည်လို့...စခန်းဆီခု... မြန်းပြီဟု...သီတာ ရေဇလာခရီးမှာလေး...ရီးလေ့လေ့ငြာ..."

"ဘုန်းရောင်ဝေဖြာ...ဆရာထေရ်ရှင်ဘုရားရယ်က...ထက်ရွာနတ်ဘုံလားတာ မို့...တပည့်များမှာ...ပူဖြာစို့ လူတကာမို့...နဒီသာစခန်းမှာလေး...လွမ်းစိတ်နှင့်ပူ"

"တော်လိုက်တာဟယ်၊ တို့ရွာက ကလေးတွေ သည်လောက်တော်မယ်မှန်း မသိဘူး၊ ညီနေတာပဲ၊ အသံတွေကလည်း ကောင်းချက်၊ အေးပြီး ကြည်နေတာပဲ၊ အဲသည် လော်ကားယိမ်းသီချင်းတွေက ဘယ်သူ စပ်တာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


''ဘယ်သူရှိမလဲအေ့၊ ဦးကော(ဦးဇင်းဦးကောသလ္လ)ပေါ့၊ ဒီတစ်ပုဒ်တည်း မဟုတ်ဘူး၊ နှစ်ပုဒ် သုံးပုဒ် ရေးထားတာ၊ အခု လော်ကားယိမ်းကလည်း နှစ်ဖွဲ့၊ သည်အဖွဲ့နဲ့ သည်လှေလော်သံသီချင်းပြီးရင် နောက်တစ်ဖွဲ့နဲ့ နောက်သီချင်းတစ်ပုဒ် တိုက်ဦးမှာ၊ ညတိုင်း တိုက်ကြတာအေ့၊ ညည်း နောက်ညတွေလည်း မြင်ရမှာပါ၊ လာ…သိုင်းနင်းတာ သွားကြည့်မယ်''

ဆိုပြီး မိစံက သူ့ကို တစ်နေရာသို့ ဆွဲခေါ်သွားပြန်၏။ 'သိုင်းနင်းသည်' ဟူသော အသုံးအနှုန်းကို သူ နားမယဉ်ပါးခဲ့။ တစ်ခါမှလည်း မကြုံဖူးခဲ့ပါချေ။ စည်းသံဝါးသံနှင့် ဝါးလုံးချင်း ထိခတ်သံ တဖျတ်ဖျတ်ကို အချက်ကျကျ ကြားနေရသော မြင်ကွင်းသို့ မရောက်မီ ကြိုးကျယ်ခမ်းနား၍ စိုလက်တောက်ပသော မြစိမ်းရောင်ဖြင့် ခြယ်မှုန်းထားသည့် ကရဝိက်ဖောင်ကြီးကို ပြင်ဆင်နေသည့်နေရာတွင် ခေတ္တရပ်၍ ငေးမောမိနေသေးသည်။ ပြီးမှ သူတို့ သိုင်းနင်းကကွက်တိုက်သည့်နေရာသို့ ရောက်လာကြ၏။ သည်မှာလည်း ရွာထဲမှ လူပျိုပေါက်အရွယ် လူငယ်ကလေးတွေ ကုန်လုနီးပါးပင်။

စွပ်ကျယ်အင်္ကျီလက်တိုအဖြူ၊ ဘောင်းဘီတို ကြက်သွေးရောင်များနှင့် လူ အယောက်သုံးဆယ်ကျော်လောက် ဝါးဆစ်တုတ် ဆင်တူကလေးတွေ ကိုယ်စီကိုင်၍ တညီတညာတည်း အဆုတ်၊ အတက်၊ အလှမ်း မှန်ကန်ညီညာစွာနှင့် လှုပ်ရှားနေကြသည်မှာ ကြည့်၍ပင်မဝနိုင်တော့။ သူတို့၏ ပခုံးပေါ်မှာတော့ ဘုံအဆင့်ဆင့်နှင့် အတောင်ငါးဆယ်ခန့်မြင့်သော ပြာသာဒ်ကြီး၏ အပေါ်ဆုံးတွင် ဆရာတော့်ရုပ်ကလာပ်တင်ရန်နေရာ၌ အလားတူ သေတ္တာတစ်လုံးကို ယာယီပြင်ထားသည်။ ပခုံးပေါ်က ပြာသာဒ်အဆင့်ဆင့်ကို လှုပ်လိုက်တိုင်း ငြိမ့်ခနဲ ငြိမ့်ခနဲနေအောင် ဟန်ချက်ညီညီနှင့် အောက်ခြေမှ ဝါးလုံးတန်းများကို လက်တစ်ဖက်နှင့်ကိုင်၍ ပခုံးပေါ် ထမ်းထားရင်းမှ ကျန်လက်တစ်ဖက်မှ တုတ်အကျမှာ ဖြောင်းခနဲအသံ တညီတည်းအထွက်နှင့် ဟန်ချက်ညီညီ အဆုတ်အတက်တို့မှာ မြနုတင်မဟုတ်၊ တစ်ရွာလုံး မမြင်ဖူး၊ မတွေ့ဖူးကြမှာ သေချာသည်။ သည်သိုင်းနင်းပြာသာဒ်အဖွဲ့၏ရှေ့တွင် စည်းနှင့်ဝါးကိုကိုင်၍ မျက်နှာချင်းဆိုင် အဆုတ်အတက် သိုင်းကွက် သရုပ်ပြပေးနေသော သိုင်းဆရာ၏ ပညာကလည်း အံ့သြလေးစားလောက်သည်။

မြနုမျက်စိထဲ ထိုကဲ့သို့ ဖျတ်ဖျတ်လတ်လတ် ကျားကျားလျားလျားနှင့် ယောက်ျား ပီပီသသ မြင်ရသော ရွာထဲမှ ကိုယ့်မောင်ငယ်အရွယ် ကလေးတွေကို ကြည့်နေရင်းမှ သူ့ရဲကောင်းကလေးတွေ ဘွားခနဲ ပေါ်လာသလို ကြက်သီးထအောင် ကြည်နူးမိသည်။

''ဟဲ့…မြနု…ဆရာတော့် ဖူးပြီးပလား''

သိုင်းနင်းပြာသာဒ်ကို အငေးကောင်းနေစဉ် ပခုက္ကူဦးဇင်း ဦးကောသလ္လ အနီး ရောက်လာပြီး မြနုကို မေး၏။ မြနုနှင့် မိစံ နေရာတွင်ထိုင်၍ ဦးဇင်းကို ဦးချလိုက်ပြီး…

''ဖူးခဲ့ပြီးပါပြီဘုရား၊ မြနုကို လော်ကားတို့၊ သိုင်းနင်းတို့ တိုက်တာတွေ လိုက်ပြနေတာပါ''

mgyoe.com

mgyoe.com

ဟု မိစံက တရိုတသေ ဖြေအပြီးမှာ မြနုက...

"တပည့်တော်ဖြင့် လော်ကားသာ ကြားဖူးနားဝရှိတာ၊ သိုင်းနင်းပြာသာဒ်ကတာကို တစ်ခါမှ မကြားဖူး၊ မမြင်ဖူးလို့ အံ့သြလိုက်တာအရမ်းပဲဘုရား၊ အရှင်ဘုရား ဒီလိုအကွက်စေ့အောင် စီစဉ်နိုင်တာလည်း အတော့်ကို ချီးကျူးဂုဏ်ယူမိပါရဲ့ဘုရား"

"သိုင်းနင်းပြာသာဒ်ဆိုတာ ဘုန်းကြီးပျံရဲ့ ကျက်သရေပဲကွဲ့၊ အခု သည်ဘက်ပိုင်းမှာ သိပ်ပြီးမတတ်နိုင်ကြတော့တာကတစ်ကြောင်း၊ သင်တဲ့ပြတဲ့ ပညာရှင်တွေ ရှားပါးသွားတာကတစ်ကြောင်း၊ အချိန်အခါနဲ့ နေရာထိုင်ခင်းပြဿနာက တစ်ကြောင်း ကြောင့် မထည့်ဖြစ်ကြတော့တာ၊ ငါတောင် ဒီဆရာကြီးကို ရေစကြိုနယ် ဆင်တဲရွာမှာ ရှိတယ်ကြားလို့ မနည်းလူလွှတ်ရှာခိုင်းပြီး အဲဒီအလေ့အထကို တို့ရွာမှာ ပြန်ဖော်ထုတ်ရတာ၊ တစ်ရွာလုံး မြေပဲတွေအောင်၊ နှမ်းတွေအောင်နဲ့ သည်နှစ်မှ အလှူတွေပေးနိုင်ကြတဲ့ ရွာသားတွေကုသိုလ်နဲ့ ဆရာတော့်ဘုန်းကံ အချိန်အခါကြောင့်ပေါ့လေ။ ဒါနဲ့ နင့်အစ်ကို ဘုန်းကျော်ရော လော်ကားတို့၊ သိုင်းနင်းတို့ တိုက်တာ လာမကြည့်ပါလား။ ညနေကတော့ ဆရာတော့်စံကျောင်းကိုလာပြီး ပုဆိန်ပေါက် ကန်တော့ပြီး ပြန်သွားတာ နောက်ထပ်ပေါ်ကို မလာတော့ဘူး။ ညနေဘက်တော့ နေရှိန်က ရှိသေးလို့ ကလေးတွေကို အတိုက်မခိုင်းဘူး၊ ညစာ စားသောက်ပြီးမှပဲ တိုက်ကြတာ၊ အဲသည်ထဲမပါတဲ့ကောင်တွေက ဘုန်းကြီးပျံမှာ ချက်ရေးပြုတ်ရေး၊ စားရေး၊ သောက်ရေး၊ သန့်ရှင်းရေးကအစ ပြင်ဆင်စရာရှိတာ၊ ဇာတ်စင်ဆောက်တာ၊ ကရဝိက်ဖောင်လုပ်တာ၊ ပြာသာဒ်ဆောက်တာ၊ လောင်တိုက် ဆောက်တာ၊ ကိုယ်နိုင်ရာ နိုင်ရာနေရာမှာ ဝင်လုပ်ရတယ်၊ အဲဒါ ဆရာတော့်ကို ကျေးဇူးဆပ်တာ၊ ငွေအလုံးအခဲနဲ့ လှူမှတန်းမှ မဟုတ်ဘူး၊ ကိုယ့်လုပ်အားနဲ့ ကျေးဇူးဆပ်တာလည်း မြတ်တာပဲ။ နင်တို့မောင်နှမလည်း နိုင်ရာ နိုင်ရာ ဝင်လုပ်ကြ၊ ကြားလား"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း မိစံတာဝန်တွေထဲ ဝင်ပါမယ်လို့ ပြောပြီး သားပါဘုရာ့"

"အေး...ကောင်းတယ်...နင့်အစ်ကို ကျော်ဌေးတို့ ညွန့်ရှိတို့က ရွာနီးချုပ်စပ်က လာသမျှကို ကျွေးတဲ့ ထမင်းရုံမှာ ဝင်လုပ်ကြတာ၊ အဲ...ဘုန်းကျော်ကိုတော့ အဆင်ပြေတဲ့ နေရာဝင်လို့ ပြောလိုက် ကြားလား"

"တင်ပါ့ဘုရား၊ တပည့်တော် ပြောလိုက်ပါ့မယ်"

"ကဲ...ကဲ...အေးအေးဆေးဆေး ကြည့်ကြ၊ ပြီးရင် လော်ကားက မိန်းကလေးတွေ ဘာလိုလဲ သွားကြည့်ချေဦး မိစံ၊ ငါ ဆရာတော့်စံကျောင်းဘက် သွားဦးမယ်"

ဟု ဆိုပြီး ဦးဇင်း ထွက်သွားသည်။ ဦးဇင်းဟု နှုတ်ကျိုးနေသော ပုဂ္ဂိုလ်က သက်တော်လေးဆယ်ခန့်သာ ရှိသေးပြီး ပခုက္ကူစာသင်တိုက်တစ်ခုတွင် ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်နေပြီဖြစ်သော မြနုတို့နှင့် အမျိုးမကင်းသည့် သည်ရွာသား ဆရာတော့်လက်ရုံးတပည့် တစ်ပါး ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK


''မနက်ကျရင် ဇာတ်စင်ဆောက်မတဲ့အေ့၊ သွားရအောင်၊ ဖျာလည်း မဲနိုက်မှာ''
ဦးဇင်း ကွယ်သွားသည်နှင့် မိစံက မြနုကို အဖော်ညှိလိုက်သည်။

''အရင်လိုပဲလား''

''အရင်အတိုင်းပဲ၊ နောက်ပိုင်းကျ ဆူးတောင်က ပိုတောင်ကျယ်လာသေးတော့၊ ထန်းရည်သမားအပြင် ဘီယာသမား၊ အရက်သမားပါ ပိုတိုးလာတာအေ့''

''ညည်းကလည်းအေ ငါ့အစ်ကိုကို စောင်းပြောတာတော့ မဟုတ်ပါဘူးနော်''

''စဉ်းတောင် မစဉ်းစားမိပါဘူးအေ၊ ဘုရားပေးပေး ကျမ်းပေးပေး တကယ်ပါ ကောင်မရေ''

□

''အား''

ရုတ်တရက် မျက်စိအဖွင့်လိုက်မှာ ဝင်းခနဲ စူးလက်သွားသော နေရောင်ဒဏ်နှင့်အတူ ခေါင်းထဲမှာ နားထင်အထိ ထိုးတက်လာသော ဝေဒနာကြောင့် ဘုန်းကျော်ပါးစပ်မှ လွတ်ခနဲ တိုးတိုးကျိတ်ကျိတ်အသံ ထွက်သွားသည်။ ရုတ်တရက်ပြောင်းလဲနေသော ဘေးပတ်ဝန်းကျင်ကို မျက်မှောင်ကြုတ်ကာ စဉ်းစားနေရင်း ညက ၁၀ နာရီကျော်မှ သူ အသာထပြီး နောက်ဘက်က ထန်းရည်ဆိုင်ရှင် မှတ်ကြီးဆီ ထန်းရည်သွားထပ်သောက်ပြီး လေကလေး တအေးအေးနှင့် ဆီဆုံကြီးနားမှာ လှဲအိပ်မိခဲ့တာကို သတိရသည်။ ဆီဆုံက အမိုးနှင့်အကာ တစ်ဝက်တစ်ပျက်နှင့်ဆိုတော့ သူ့ကို ရုတ်တရက် လူမမြင်နိုင်၊ သူမနိုးခင် အိမ်ကလူတွေ မြင်လိုက်လျှင်ကတော့ သူ့ကိုနှိုးပြီး အိမ်ထဲသွင်းမှာ သေချာသည်။

ဘုန်းကျော် ရုတ်တရက် ကုန်းထလိုက်သည်။ နိုးလျှင်နိုးချင်း သူ့မှာ လိုအပ်ချက်တစ်စုံတစ်ရာ ရှိလာသည်။ ခဏပေ၍စဉ်းစားနေလိုက်ပြီးမှ မနေ့က ခရီးဆောင်အိတ်ထဲမှာ တစ်ဝက်တစ်ပျက် ကျန်သေးသော ပုလင်းပြားကလေးတစ်လုံးကို သတိရလိုက်သည်နှင့် သူ အိမ်ထဲသို့ ဝင်လာခဲ့ကာ လက်ဆွဲအိတ်ကိုဖွင့်ပြီး ပုလင်းကိုထုတ်ကာ အဖုံးဖွင့် မော့ချလိုက်သည်။ ပြီးမှ စိတ်အေးလက်အေး ပုံသဏ္ဌာန်ဖြင့် ခေါင်းအုံးတစ်လုံးကို ဆွဲယူကာ လှဲချလိုက်သည်။

''အစ်ကိုရေ…အစ်ကို…''

မျက်စိမှိတ်လိုက်ကာ ရှိသေးသည် ထရံကို ပုတ်ခတ်ပြီး ဝင်လာသော မြနုအသံကြောင့် အနည်းငယ် အနှောင့်အယှက်ဖြစ်ကာ စိတ်တိုသယောင် ဖြစ်သွားသည်။

''ဟဲ့…ကောင်မလေး…ဘာလို့ ဒါလောက်အော်ပြီး ဝင်လာတာလဲ''

''ထတော့ အစ်ကိုရ နေဖင်ထိုးပြီ၊ ထ…ထ…ကျောင်းသွားရမယ်''

mgyoe.com

''နင့်ဟာနင် သွားပါလား၊ ငါက ဘာလိုက်လုပ်ရမှာလဲ''

''ကျုပ်က မသွားဘူးတော့၊ ညကျမှသွားမှာ၊ အစ်ကို့ကို ဦးဇင်းက ကျောင်းကို လွှတ်ပေးဖို့ မှာလို့ လာနိူးတာ'' .

''ဟာ..နောက်မှသွားမယ်၊ ကဲ..သွား..သွား..နင်လည်း သွားချင်တဲ့ဆီသွား၊ ငါအိပ်နေရင် နောက် ဘယ်တော့မှ လာမနိူးနဲ့ ကြားလား''

''အစ်ကိုက အိပ်ချင်လို့မှ မဟုတ်တာ မူးပြီးနေတဲ့ဟာ၊ ရွာရောက်တုန်း မသောက်ပါနဲ့လားတော့''

''ရွာရောက်လို့သောက်တာ၊ ငါ ဘယ်မှသွားချင်စိတ်မရှိဘူး၊ ငါ့ဟာငါသောက် ပြီး အေးအေးအိပ်နေမယ်''

''အိပ်နေလို့ ဖြစ်မလားတော့၊ အစ်ကို ဘုန်းကြီးပျံလာတာ မဟုတ်ဘူးလား''

မြနုလို ဘယ်သူကမှ အနားကပ်ပြီး ပြောဝံ့ဆိုဝံ့သူများ မဟုတ်ကြသည့် မောင်နှမတွေက အခန်းဝမှ မသိမသာ ချောင်းနေကြသည်။

''နင့်ကို လာပို့တာ နင်သွားလေ၊ ငါလည်း ဆရာတော်ကို သွားဖူးပြီးပြီဟာ''

''ဖူးပြီးရုံနဲ့တော့ မရဘူးတော့၊ အလုပ်ဝိုင်းလုပ်ရဦးမှာ၊ တစ်ရွာလုံး ဘယ်သူမှ နေတာမဟုတ်ဘူး၊ အစ်ကို့ကို ဦးဇင်း မှာလိုက်တာနော်၊ ကျုပ်သဘောနဲ့ပြောတာ မဟုတ် ဘူး၊ တော်ကြာနေ ဦးဇင်း အိမ်ကြွလာပြီး ဆော်မှ ဟုတ်ပေ့ ဖြစ်နေဦးမယ်''

''ဆော်ပါဘူးဟာ၊ ဆော်ရအောင် ငါ ကလေးမှ မဟုတ်တာ၊ သွားစမ်းပါ မြနုရယ်၊ ရွာရောက်တုန်း အိပ်ရေးဝဝအိပ်ပါရစေ''

ပြောပြောဆိုဆိုနှင့် အညာစောင်ကို ခေါင်းမြီးဆွဲခြုံကာ တစ်ဖက်သို့ လှိမ့်သွား သော ဘုန်းကျော်အား မြနု နှာခေါင်းတစ်ချက်ရှုံ့ကာ...

''ဟင်း...အနံ့ကလည်း ချဉ်စုတ်နေတာပဲ၊ မနက်မူး ညမူး''

ဟု ဆိုကာ ကျောပြင်ကို တစ်ချက် မနာမကျင်ပုတ်ပြီး ထွက်ခဲ့သည်။

မြနု ထွက်သွားမှ ဘုန်းကျော် ခေါင်းမြီးခြုံထဲမှ ခေါင်းထွက်ကာ အပြင်မှ အသံဗလံများကို နားစွင့်လိုက်သည်။ အဖေက အစောကြီးကတည်းက ဘုန်းကြီးကျောင်း သို့ ရောက်နေပေလိမ့်မည်။ ခြေရင်းဆီကြိတ်ဆုံဘက်မှ တကျွီကျွီအသံထွက်နေပုံထောက် တော့ ယောက်ဖဖြစ်သူ အုန်းစိန် ဆီကြိတ်နေတာပဲ ဖြစ်မည်။

အိမ်ထဲမှာ လူတစ်ယောက်မှမမြင်၊ ဝိုင်းထောင့်မှာ ကလေးတွေ ကစားနေကြပြီ၊ လူကြီးအချို့က ယာခင်းထဲ၊ အချို့က ဘုန်းကြီးကျောင်း ရောက်နေပေတော့မည်။ မိမိမှာ သာ တစ်ယောက်တည်း ယောင်ချာချာ ဘယ်မှလည်း မသွားချင်၊ နောက်ကထန်းတောနှင့် အိမ်ထဲက မီးဖိုဆောင်သာ တစ်ချက်တစ်ချက်ကူးပြီး ကျန်အချိန်မှာ အိပ်၍သာ အချိန်ကုန် သည်။ အိပ်သည်ဆိုပေမင့် မူးနေခြင်းသာ ဖြစ်သည်။ မူးနေတာကမှ နေသာသည်။ မမူးလျှင် အတွေးတွေ တောင်ရောက် မြောက်ရောက်နှင့် နေ၍ထိုင်၍ တယ်မထိချင်။

mgyoe.com

m gyoe.com  SAMPLE BOOK 

တစ်နေ့က ရွာထိပ်မန်ကျည်းပင်အောက်မှ ခင်ထားကို မြင်လိုက်တော့ ဘာမှမဆိုင်တော့ပါဘဲနှင့် ရင်တွေက တဒိုင်းဒိုင်းခုန်လာသည်။ ထိုဒဏ်ကို ဘုန်းကျော် လုံးဝမခံစားနိုင်။ ညိုနွဲ့နှင့် အိမ်ထောင်သာကျသွားပြီး အိမ်ထောင်သက် သုံးလေးနှစ်သက်တမ်းမှာ သည်လို ရင်ခုန်မှုမျိုး မရှိခဲ့။ ညိုနွဲ့ကိုချစ်သော သံယောဇဉ်က အေးချမ်းပြီး စွဲစွဲနစ်နစ် ရှိလှသည်မို့ ခင်ထားကို မေ့နိုင်ပြီဟု သူ ထင်ခဲ့သည်။ ယခု နဖူးတွေ့ဒူးတွေ့မှာတော့ သူ အလွန်တရာ ထိတ်လန့်တုန်လှုပ်သွားရသည်။ ဘုန်းကြီးပျံသို့ သူသွားလျှင် ခင်ထားကို တွေ့ရဦးမည်မှာ သေချာသည်။ သူ ရင်မဆိုင်ဝံ့၊ သူ့ဘဝမှာ တစ်ရှုံးမှ နှစ်ရှုံး အဖြစ်မခံနိုင်။ ပြီးတော့ သူ့အပေါ် အထင်သေးမခံနိုင်။ တွေးနေရင်းမှ ခင်ထားမျက်နှာကို မြင်ယောင်ပြီး ရင်တွေ ခုန်လာပြန်၍ လူးလဲထပြီး မှတ်ကြီးတို့ ထန်းတောဘက်သို့ ကုပ်ကုပ် ကုပ်ကုပ်နှင့် ထွက်ခဲ့သည်။

❑

ဘုန်းကြီးကျောင်း၏ တောင်ဘက်ပိုင်း သဲချောင်းအနီး ဇာတ်စင်ဆောက်နေကြသည်မှာ တပျော်တပါးဖြစ်သည်။ မိုးတွင်း ရေရလွန်းလျှင်လည်း ညင်ညင်သာသာ စီးဆင်းတတ်သော သဲချောင်းကလေးမှာ မိုးပြတ်သွားသည်နှင့် ခြောက်သွေ့နူးညံ့သော သဲဖြူဖွေးဖွေးကလေးများသာ ရှိတော့၍ အချို့နေရာများတွင် လက်ယက်တွင်းကလေးများနှင့် အညာဒေသ၏ အိုအေစစ်ကလေးလို ဖြစ်နေသည်။ ရှားစောင်းပင်များ၊ တမာပင်များနှင့် လေအငွေ့မှာ တမာရနံ့ကလေးများ တစ်ချက် တစ်ချက် သင်းပျံ့လာတတ်သည်။ ကိုယ့်အရပ် ကိုယ့်ဒေသတွင်သာ မြင်ရခဲသော မြင်ကွင်းကို ကြည့်ချင်မြင်ချင်၍ မြနု ရောက်လာတော့ ပွဲနေရာ မဲနှိုက်မည့်အချိန်နှင့် ကွက်တိဖြစ်နေသည်။

ပွဲမဲနှိုက်သည့်အလေ့မှာ မြို့တွင် မတွေ့နိုင်။ မြနုတို့အညာရွာကလေးတစ်ဝိုက်တွင် တစ်ရွာမှာ တစ်နှစ်လျှင် တစ်ကြိမ်သာ ဘုရားပွဲလုပ်လေ့ရှိပြီး ထိုအချိန်တွင် အငြိမ့်၊ ဇာတ်တို့ လပြည့်(သို့)လပြည့်ကျော်တစ်ရက် စသည့် တစ်ညညတွင်သာ ပွဲခံ အငြိမ့်ခံသဖြင့် ရွာသူရွာသားများမှာ တစ်နှစ်လုံး နေပူမရှောင် မိုးရွာမရှောင် လယ်ထဲ ယာထဲ ကျွဲနွားနှင့် ဖက်ရှန်းနေခဲ့ကြသည့် ပင်ပန်းနွမ်းနယ်သမျှကို သည်တစ်ညသာ ဖြေဖျောက်ပျော်ရွှင်ကြရသဖြင့် ဘုရားပွဲကို အမျှော်ကြီး မျှော်ကြသည်။ ထိုသို့ မျှော်ကြသည်မှာ ကာယကံရှင် ရွာသားများသာမဟုတ်၊ ပတ်ဝန်းကျင်ရွာများဖြစ်သည့် ဆည်၊ သိမ်၊ ပျဉ်းပင်၊ စျေးကုန်း၊ ထန်းငယ်တော၊ နှောတွင်း၊ ပြာပုံ၊ အိုရင်း စသည့် ရွာများပါ ဖြစ်သည်။ ရွာနီးနားချင်းတို့သည် အချင်းချင်းချစ်ခင်ကြသည်။ တစ်ရွာမှ ပျော်ပွဲရွှင်ပွဲကို အခြားတစ်ရွာမှ ဝင်နွှဲလေ့ရှိသည်။ ထိုသို့သော ပွဲခံသည့်အခါများတွင် ရွာထဲရှိ အိမ်တိုင်းမှ မိမိတို့နှင့် ပတ်သက်ရာ ရွာနီးချင်းမိတ်ဆွေသင်္ဂဟများကို မိမိတို့အိမ်မှ ဧည့်ခံရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အခြားရွာသို့ သွားလျှင်လည်း ထိုသို့ပြန်လည်တာဝန်ကျေပွန်လေ့ရှိသည်။ ပွဲခံသည့်အခါများတွင် ရွာခံက ပွဲနေရာ ဦးပေးထားရပြီး ဧည့်သည်က ညနေခင်းကျမှ လှည်းယဉ်တပ်ပြီး ကြော့ကြော့မော့မော့လာပြီး ပွဲကြည့်ရသည့်ဓလေ့ရှိသည်။ ညဘက်ပွဲကြည့်ချိန်တွင် ဖာတ်စင်နှင့် မလှမ်းမကမ်းမှာ လှည်းဝိုင်းကြီးနှင့် အလွန်ပျော်စရာဓလေ့ဖြစ်သည်။ ထိုသို့ ဧည့်သည်ကို ဧည့်ဝတ်ပြုနေရာပေးနိုင်ရေးအတွက် အိမ်တိုင်းက ဖာတ်စင်ဆောက်သည်နှင့် ပွဲနေရာဦးကြရသည်။ အခြားအရပ်များလို ဦးရာလူစနစ်ဖြင့်မရ၊ ပွဲကြည့်စင်၏ အရှေ့ဆုံး၊ တောင်၊ မြောက်၊ ဝဲ၊ ယာ၊ ရှေ့ဘယ်နှတောင်၊ နောက်နားဘယ်နှတောင် စသည်ဖြင့်ကို ရွာထဲမှ လူအမည်များခေါ်၍ ကျောင်းရှိ ကိုရင်၊ ဦးပဉ္စင်းတစ်ပါးပါးက မဲလိပ်ထည့်ထားသော မောင်းထောင်ခွက်ကိုကိုင်၍ မဲနှိုက်ပေးသည်။ မိမိအမည်ကျသည့်နေရာကို ရင်တထိတ်ထိတ်နှင့် ဖာတ်စင်ဘေးတွင် ဖျာလိပ်တွေကိုယ်စီနှင့် စောင့်နေကြပြီး နေရာကောင်းလျှင်တော့ 'ဟေး'ခနဲအော်၍ တပျော်တပါး ဖျာပြေးခင်းရသည့် မြင်ကွင်းမှာ ရှင်လန်းတက်ကြွစရာ။ ထိုဖာတ်စင်နှင့် ခပ်လှမ်းလှမ်း အနောက်ဘက်တစ်နေရာတွင်တော့ ရွာသားအချို့ လှည်းသုံးလေးစီးနှင့် တောထဲမှ ဆူးတွေခုတ်သယ်ခဲ့ပြီး လေးဖက်လေးတန် ခြံစည်းရိုးကာသလို ပေ ၅၀ ပတ်လည်လောက်ကို ၁၀ ပေကျော်ကျော်မြင့်အောင် ကာရံပြီး အဖွင့်အပိတ် အပေါက်သေးသေးနှင့် 'ဆူးထောင်'တစ်ခု ဆောက်နေကြသည်မှာလည်း ရွာဓလေ့တွင် ပွဲခံသည့်ညများတွင် အပျော်ကြူးပြီး မူးရမ်းကြသူများအတွက် တစ်ညတာ သိမ်းဆည်းသိုလှောင်ထားရန်နေရာ။ ဖာတ်စင်နှင့်အတူဆောက်၍ ဖာတ်စင်နှင့်အတူဖျက်ရသည့် ထိန်းသိမ်းရေးစခန်းငယ်။ ထိုစဉ်မှာပင် ဖုန်တလုံးလုံးနှင့် ဗယင်ကျူးမည့်အဖွဲ့လည်း ရောက်လာ၏။ မကြာခင် အငြိမ့်ကားလည်း ရောက်လာတော့မည်။ ရွာထဲမှကလေးတွေ ဖာတ်စင်ပတ်လည်မှာ အော်ဟစ်မြူးထူးကခုန်နေတာကိုကြည့်ရင်းမှ မြနုတို့ငယ်ဘဝများ ပြန်လည်သတိရနေမိသည်။ ထိုစဉ်က မြနုတို့က သည်ကလေးတွေအရွယ် ခုနစ်နှစ်၊ ရှစ်နှစ် ကစား၍ကောင်းတုန်းမှာ ဘုန်းကျော်တို့က ဖာတ်စင်ဆောက်၊ ဆူးထောင်ကာ၊ ခင်ထားတို့ ကွမ်းတောင်ကိုင်အပျိုတွေက ညကျတော့ ဒေါင်းဘယက်နှင့် ပန်းလက်ကောက်နှင့် မျက်နှာချေအဖွေးသား၊ ဆံပင်ဖွတ်မြီးထိုးအရှည်ကြီးနှင့် ပွဲကြည့်လာကြသည်မှာ ရွာထဲတင်မဟုတ်ဘဲ တစ်ရွာသား ကာလသားများအလယ်မှာပင် မျက်နှာပန်းပွင့်လျက်ရှိခဲ့၏။ ထိုအချိန်တွေတုန်းက ခင်ထား၏အလှကို ယှဉ်နိုင်သူ မရှိခဲ့။ ယခုတော့ မြနုလည်း ကလေးမဟုတ်တော့။ ဘုန်းကျော်လည်း စိုစိုပြည်ပြည် ကျားကျားလျားလျား ကာလသားအရွယ် မဟုတ်တော့သလို ခင်ထားလည်း တစ်ပတ်လျှိုဆံထုံးနှင့် အင်္ကျီလက်ရှည်နှင့် ရင့်ကျက်သယောင် ဖြစ်နေလေပြီ။ အချိန်ကာလသည် လူသားတို့၏ အနေအထားကို ပြောင်းလဲနိုင်စွမ်းရှိသလို အတွင်းစိတ်ခံ နှလုံးသားများကိုရော ပြုပြင်ပြောင်းလဲစေနိုင်လေမည်လားဟု မြနု တွေးနေမိသည်။ အစ်ကိုဘုန်းကျော်၏ဘဝ တစ်ဖန် စိုပြည်လာစေရေးအတွက် မမခင်ထားကို အစားထိုးကြည့်မိလျှင်တော့ မမညို့နွဲ့အပေါ် ရက်စက်ရာများ

mgyoe.com

ကျနေမလားဟုလည်း မြနု တွေးတောနေမိသေး၏။

□

အရိုးဂူကောက်သည့် နေရာတွင် အလှူရှင်တစ်ယောက်အနေဖြင့် လက်ဖက်၊ အကြမ်းနှင့် မုန့်ပဲသရေစာများကို အစ်မဝမ်းကွဲတော်သူအား သွားပို့စေပြီး အိမ်ဆီမှ လှမ်းမြင်နေရသော လောင်တိုက်ပြာသာဒ်ကို ငေးမျှော်၍ မဆီမဆိုင် ဘုန်းကျော်ကို သတိရ၍နေသည်။

ဒင်းက ငါ့ကို မြင်လိုက်တာများ တစ္ဆေသရဲကျနေတာပဲ၊ သုတ်ခနဲတောင် လှည့်ထွက်သွားလိုက်သေးဟု မချင့်မရဲနှင့် အခဲမကျေ ဖြစ်မိနေတာ ဘာကြောင့်များပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် တွေးနေမိပြီး 'ကြည့်နေ၊ ဘုန်းကြီးပျံမှာ တွေ့လို့က မခေါ်သေးဘူး စိတ်ချ၊ ဒီတစ်ခါ ကိုယ်က အရင်မျက်နှာလွှဲပြမယ်'ဟု တေးထားမိသော်လည်း နေ့စဉ် ရက်ဆက် ဘုန်းကျော်မျက်နှာကို တစ်ကြိမ်တစ်ခါမှ မတွေ့ရလေသောအခါတွင်တော့ စိတ်အားက ငယ်ချင်သလိုလို ဖြစ်လာခဲ့သည်။

□

ဆရာတော်ဘုရားကြီး၏ နောက်ဆုံးဈာပနပွဲအချိန်သို့ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ ဘုန်းကျော်တစ်ယောက် ကံကျောင်းဘက်သို့ တစ်ခေါက်မျှ မရောက်သေး။ အိမ်မှသွားသမျှလူများကို ဦးဇင်းက သတိရတိုင်း မေးနေသည်။ နောင်အလုပ်များလာတော့လည်း သူ့ကို ဘယ်သူမှ ဂရုမစိုက်အားတော့။

သည်ကနေ့ ဘုန်းကြီးပျံပွဲ နောက်ဆုံးနေ့ဖြစ်သည်။ ၇ နာရီထိုးသည်နှင့် ဆရာတော်၏ ရုပ်ကလာပ်ကို လောင်တိုက်ပေါ်သို့ ပန်းရထားနှင့်တင်ကာ မီးကျည်မီးပန်းတို့ ဖောက်လွှတ်၍ ပူဇော်တော့မည်မို့ စန္ဒကူးနံ့သာ အမွှေးတုံးတို့ကို လောင်တိုက်ဆီ ပို့သူတွေက ပို့နေကြသည်။ နံနက်စောစောကတည်းက ပုံစံတူပြုလုပ်ထားသော ကတ္တီပါလွှမ်းထားသည့် ပန်းသေတ္တာများကို ကရဝိက်ဖောင်ပေါ်တင်ကာ လှော်ကားယိမ်းဖြင့် ပူဇော်သည့်နေရာ၊ သိုင်းပြာသာဒ်ပေါ်တင်၍ သိုင်းနင်းပြာသာဒ် ပူဇော်သည့်နေရာ၊ အမိုးအကာ ကျယ်ပြန့်အောင် ဆောက်ထားသော စင်ပေါ်မှ ပန်းပုခက်နှင့် ယေင်ကျူးသည့်နေရာတိုင်းတွင် အုန်းအုန်းကျွက်ကျွက်နှင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

ရွာထဲက လူငယ် လူလတ်ပိုင်းများက သိုင်းနင်းပြာသာဒ်နှင့် လှော်ကား ကရဝိက်ဖောင်ဘက်တွင် ရှိနေကြပြီး လူကြီးအတော်များများကတော့ ယေင်ကျူးသည့် မဏ္ဍပ်တွင် မင်းသမီးနှင့်အပြိုင် မျက်ရည်သုတ်လျက် ရှိကြသည်။

ပဋ္ဌာန်းသိပ္ပံဆရာတော်နှင့် ပခုက္ကူဆရာတော်တို့လည်း သင်္ကန်းတလွှားလွှားဖြင့် အခမ်းအနားကို တောင်နဲ့မြောက် ရက်ဖောက်လျှောက်သလို ခေါက်တုံ့ခေါက်ပြန် အလုပ်ရှုပ်နေကြသည်။ သည်ရွာတင်မဟုတ် ရွာနီးချုပ်စပ်မှ တစ်ကြိမ်တစ်ခါမျှ မမြင်မကြုံဖူးသည့် ပွဲကြီးလမ်းကြီးအဖြစ် ခမ်းနားကြီးမြတ်သလောက် စိတ်တွေလည်း လှုပ်ရှားနေကြ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ညနေစောင်း၍ ဆရာတော်ဘုရားကြီးကို လောင်တိုက်သွင်းရချိန် နီးလာလေ ဆွေးမြည့်ကြေကွဲသလို ဖြစ်လာလေနှင့် ပျော်ပွဲရွှင်ပွဲ လုပ်နေရင်းနှင့်မှ ဆန့်ကျင်ဘက် လွမ်းဆွတ်တသမှုတစ်မျိုးကို ပြောမပြတတ်အောင် ခံစားနေကြရသည်မှာ အရွယ်ရောက်ပြီးသည့် လူစေ့တက်စေ့ပင် ဖြစ်သည်။

"မဂ္ဂင်ဖောင်ကြီးကိုဖြင့်×××အိုလေလေ…စီးနေသူ…တို့ဆရာအရှင်ရယ်လေ××× နတ်ထက်ခွင်×××ကြွလှမ်း×××"

"တေဇာတော်ကြီးပါတဲ့…အိုလေလေ့ ထီးအသွင်…ထီးအသွင်…"

ကရဝိက်ဖောင်ပေါ်မှ နတ်သမီးငယ်များအသွင် ဆင်ယင်ထားသော မိန်းကလေး ငယ်များ၏ ညင်သာဆွတ်ပျံ့သော တေးသံတစ်ပိုင်းတစ်စကို ခံစားကာ သိုင်းနင်းပြာသာဒ် ဘက်သို့ ထွက်လာရင်း မြနု အစ်ကိုဘုန်းကျော်ကို ဒေါသထွက်ချင်လာသည်။

'တစ်ရွာလုံး သည်လောက် အုန်းအုန်းကျွက်ကျွက်ဖြစ်နေတာ သူမို့ နေနိုင်တယ်၊ လွန်ကို လွန်လွန်းတယ်'

ဟု တွေးမိတော့ မျက်နှာက ချက်ချင်းညိုပြီး မျက်မှောင်ကုတ်မိလျက်သား ဖြစ်သွား၏။ မြို့မှရောက်လာသော သူငယ်ချင်းကို ပွဲတော်ရက်အတွင်း မခွဲမခွာ အရိပ် တကြည့်ကြည့်ရှိနေသော မိစံက မြနုပုံစံကို သတိပြုမိသွားတော့…

"ဘာဖြစ်လို့လဲ မြနု၊ ညည်းကို ဘယ်သူက ဘာလုပ်ပြလိုက်လို့တုံး"

ဟု မေးရှာသည်။ သည်အချိန်မှာ မြနုတို့အရွယ်တွေအတွက် သွားလေရာမှာ ရွယ်တူကာလသားကလေးတွေက ကွက်ကြည့် ကွက်ကြည့် ရှိနေကြသည်မို့ မိစံက မေးမိခြင်း ဖြစ်သည်။ မြနုကတော့ ဒါတွေကို အမှတ်ပင် မထားမိ။

"ဟင်…မြနု ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဟာ၊ ငါ့အစ်ကိုအကြောင်း တွေးမိလို့ပါ၊ အရင်နေ့တွေက တော့ ထားပါအေ၊ သည်နေ့ သည်လောက် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေတာ ကို သူလာမကြည့်နိုင်တာကို ငါ အံ့ဩလို့ပါ"

"ဟုတ်ပါ့အေ၊ ညည်းအစ်ကိုတော့ စံပဲ၊ လျှောက်ကြည့်ရင်းနဲ့ မေ့နေဦးမယ် မြနုရေ၊ ညည်းနဲ့ကျုပ် သည်ညနေ ထမင်းရုံ ဝင်လုပ်ရမယ်လေ"

"အေး ဟုတ်သားပဲ"

သူတို့နှစ်ယောက် ထမင်းရုံဘက်သို့ ထွက်လာကြသည်။ မိစံက ပထမပိုင်းမှာ လော်ကားယိမ်းအတွက် အဝတ်အစား ဝယ်ဆင်သည့်ဘက်မှာမို့ လော်ကားတက်နှင့် တာဝန်က ပြီးပြီဖြစ်သည်။ နောက်နေ့များတွင်တော့ ကျောင်းမှာလိုသည့်နေရာ ဝင်ကူကြ ရသည်။ မြနုအစ်ကိုညွန့်စိန်တို့၊ ကျော်ငွေးတို့အရွယ် ယောကျာ်းကြီးတွေက ထမင်းရုံမှာ ဒိုင်ခံ ထမင်းနှင့် ပဲဟင်းအိုးကြီးတွေကို အဆက်မပြတ် တည်သူတည်၊ ထမင်းရုံထဲ ဇလုံကြီးတွေနှင့် သယ်ပိုးမ ရွေ့ပြီး ထမင်းပြင်သူပြင်၊ ပန်းကန်ဆေးသူဆေးနှင့် ဘယ်သူမှ

mgyoe.com

. m g y o e . c o m SAMPLE BOOK


အအားမနေရ။ မြနုတို့၊ မိစံတို့လိုလူတွေက ဒွေးဥတို့၊ ဒွေးစောလှတို့ရှိသည့် ငါးခြောက်ထောင်းကြော်ထည့်၊ ပဲတီသုပ်ထည့်၊ ဟင်းပွဲပြင်သည့်နေရာမှာ ဝင်ကူရသည်။ ကိုယ့်ရွာဘုန်းကြီးပျံ လာသမျှ ထမင်းရည်ချောင်းစီးကျွေးရသည့် ရက်ရှည်အလှူအတွက် နေ့ချင်းချက်ရသည့် ထမင်းနှင့် အရည်သောက်ကို မနက်ပြန် ညပြန်အတွက် မီးဆက်နေအောင်ချက်နေသူတွေက ချွေးတလုံးလုံး၊ ဒါတောင် ငါးခြောက်ထောင်းကြော်ကို ပထမ ပွဲမစခင်လေးငါးရက်လောက်က အကြီးအကျယ် နှစ်ရက် ဆက်ကြော်ပြီး ရာဝင်အိုးကြီးများနှင့်အပြီးသိပ်ထားကာ တစ်အိုးပြီးတစ်အိုး ဖွင့်ကျွေးနေ၍ ဤမျှ ကသီလင်တ မဖြစ်ခြင်းပင်။ ညနေမစောင်းခင် နှစ်နာရီခွဲ သုံးနာရီမှစ၍ ဝင်ရသော ထမင်းရုံသည် ညနေ ၆ နာရီမြနုတို့ ပြန်သည့်အချိန်အထိ လူတွေကျနေဆဲဖြစ်သည်။ မြနုနှင့် မိစံကတော့ အိမ်ပြန်ရေချိုး၍ ညဘက် ဆရာတော်ရှာပန လောင်တိုက်သွင်းချိန်အမီ ပြန်လာနိုင်အောင်အိမ်ပြန်ပြေးခဲ့သည်။

အိမ်ရောက်တော့ အစ်ကိုဘုန်းကျော်ကို အိမ်ဘေးက အကြမ်းသောက်သည့်ကွပ်ပျစ်တွင် ထိုင်နေသည်ကို တွေ့ရသည်။ လူပုံက ခပ်ယိုင်ယိုင်။

"အစ်ကို..."

မြနုက သူ့ဘေးမှာ ထိုင်ချလိုက်ရင်းခေါ်တော့ သူက 'ဘာတုံး' ဟု ဆိုသည်။

"ဘာလို့ထိုင်နေတာလဲ မမူးသေးဘူးလား၊ မူးအောင်သောက်ပြီး အိပ်တော့လေ"

ဟု မြနုက တမင်ရွဲ့ပြီးပြောလိုက်တော့ သူက...

"အင်း...ညကျမှ သောက်မယ်၊ ငါ ဆရာတော် လောင်တိုက်သွင်းတာ ဖူးလိုက်ဦးမယ်"

"အမယ်တော် ကျားသားမိုးကြိုး၊ ဖူးချင်သေးသပဆိုလည်း ကျုပ်တို့ ရေချိုးပြီးပြန်သွားမှာ လိုက်ခဲ့၊ ဦးဇင်းဦးကောကိုလည်း သွားနှုတ်ဆက်လိုက်ဦး၊ အစ်ကိုလာမှန်းသိသွားအောင်"

"ကျောင်းဘက်မသွားပါဘူးဟ၊ ငါ့ဘာသာ ဒီကနေ လှမ်းဖူးမှာ၊ ပြာသာဒ်ပေါ်မီးကျည်လွှတ်ရင် ဒီကနေ မြင်ရမယ့်ဟာ၊ ငါ ဘယ်မှမသွားဘူး၊ အိမ်မှာနေလည်းအသံတွေ ကြားနေရတဲ့ဟာ"

"တော်ပြီ၊ တော့်ကို ကျုပ် ဘာမှမပြောတော့ဘူး၊ အစ်ကို အဲသလိုသာနေကျုပ် ရန်ကုန်ကို ပြန်မလိုက်တော့ဘူး တကယ်"

မြနု ခြေဆောင့်ပြီး ဘုန်းကျော်နေ့မှ ထွက်လာခဲ့သည်။

❑

mgyoe.com

mgyoe.com

မီးကျည်မီးပန်းများနှင့်အတူ လောင်တိုက်ပြာသာဒ်ပေါ်တွင် စန္ဒကူးနံ့သာများနှင့်အတူ လောင်ကျွမ်းလျက်ရှိသော ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ငေးမျှော်ရင်း ခင်ထား၏ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။

"အမေနဲ့ အဖေတို့ရေ…ကံကျောင်းဆရာတော်ဘုရားကြီးရဲ့ အရိုးဂူဗိမာန်ကို အဖေတို့ အမေတို့ရဲ့ အလှူဒါနအဖြစ် ခင်ထား ကမွည်းထိုးပြီး ဆောက်လှူပါတယ်နော်၊ အဖေတို့ အမေတို့ ရောက်ရာဘဝက သာဓုခေါ်ကြပါ"

ဟု တိုးတိုးဖွဖွ ရွတ်ဆိုရင်းက ဝမ်းနည်းလှိုက်လှဲလာသည်။ နံနက်စောစော ဝေလီဝေလင်း အရိုးကောက်မည့်အချိန်တွင် အရိုးထည့်ရန်အတွက် မြေသပိတ်ကို လောင်တိုက်အနီးမှ ဂူဗိမာန်သို့ ညနေကတည်းက ပို့ထားပြီးဖြစ်သည်။ နံနက်စောစော ကျောင်းသို့ အရဏ်ဆွမ်း သွားပို့ရင်းနှင့် အရိုးသပိတ်ကို ခင်ထားကိုယ်တိုင် အရိုးသပိတ်ကပ်ရမည် ဖြစ်သည်။ မြေပြင်ပေါ်တွင် ဒူးတုပ်ထိုင်ရင်း ဆရာတော်ဘုရား၏ လောင်တိုက်ကို ခင်ထား ဖူးမြော်ပြီး အိမ်အပြန်လမ်းတွင်…

"မမခင်ထား…မမခင်ထား"

ဟု ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။

"ဟင်…မြနုနဲ့ မိစံ…"

"မမခင်ထား ပွဲကြည့်မှာလား"

မြနုက မေးလိုက်တော့…

"မကြည့်ပါဘူး ညီမရယ် ပြန်မှာပါ၊ ကံကျောင်းကလာတာ၊ မနက် ဆွမ်းပို့ရဦးမှာ၊ မြနု ဘယ်တော့ပြန်မလဲ"

"မသိသေးပါဘူး မမခင်ထားရဲ့၊ ဟို…အစ်ကို"

ဆိုပြီး မြနုက ရှုံ့သွားသည်။ ခင်ထားလည်း ခုမှ သူမေးမိသည့်မေးခွန်းကို သတိပြုမိဟန်ဖြင့် ရုတ်တရက် နှုတ်ဆိတ်သွားပြီးမှ…

"ညီမလေးတို့ ပွဲဘက်သွားကြမလို့လား၊ သွားလေ၊ ပွဲခင်းထဲ အတော်တောင် လူတွေရောက်လောက်ရောပေါ့"

"ဟုတ်ကဲ့၊ မြနုတို့လည်း တစ်ညလုံး မကြည့်ပါဘူး မမရဲ့၊ ညဥ့်ဦးပိုင်းလောက် ကြည့်ပြီး ပြန်မှာပါ"

"ရန်ကုန်မပြန်ခင် ထမင်းလေးဘာလေး လာစားကြဦးလေ၊ မြနုနဲ့ မိစံကို ပြောတာနော်"

ဘယ်လိုပြောပြော စကားက အဆင်ချောမလာသဖြင့် မြနုနှင့် မိစံ ခင်ထားကို အားနာပါးနာနှင့် နှုတ်ဆက်ထွက်လာခဲ့ကြသည်။

ဓာတ်စင်ဆီမှ ဧည့်ခံဆိုင်းသံများ လွင့်ပျံ့လာခိုက်မှာ တလင်းပြင်ထဲမှာလည်း လှည်းဝိုင်းကြီးက ကျယ်လာပြီဖြစ်သည်။ တစ်ရွာသားနှင့် တစ်ရွာသားတို့ နှုတ်ဆက်ကြ၊

mgyoe.com

mgyoe.com SAMPLE BOOK


ပြေးကြိုကြ၊ နေရာပေးကြနှင့် ဇာတ်စင်ရှေ့မှ ပရိသတ်ထုကြီးကလည်း ကြီးမားသထက် ကြီးမားလာကြသည်။ တစ်ခုကောင်းသည်မှာ လူတွေဘယ်လောက်များများ၊ အစည်ကား ဆုံးနေရာတွေမှာ တိုးကြိတ်နေလင့်ကစား ယခုလိုပွဲမျိုးမှာ ရှိသမျှ ထုတ်ဝတ်စားကြသော ရွှေငွေပစ္စည်းပစ္စယများ မည်သည့်အခါမျှ မသမာသောနည်းဖြင့် ပျောက်ရှီးထုံးစံမရှိ။ ပွဲခင်းထဲမှ အပျိုများ တစ်ဦးနှင့်တစ်ဦး အလှချင်းပြိုင်၍ ဖိတ်ဖိတ်လက်နေကြသလို ကာလသားများ၏ ဗိုလ်ကေကလည်း တပြောင်ပြောင်။ ပွဲမစခင် ဇာတ်စင်ပေါ်မှ မိုက်ကရို ဖုန်းရှေ့တွင် အရင်ဆုံး ရောက်လာသူက ပခုက္ကူဆရာတော်။

"ဒကာ၊ ဒကာမတွေအားလုံး နားထောင်ကြ၊ အထူးသဖြင့် သည်ရွာက ဒကာ လေးတွေ ကိုယ့်ရပ်ကိုယ့်ရွာအလှူမှာ လာကြတဲ့ တစ်ရွာသူ တစ်ရွာသားတွေအပေါ်မှာ ဧည့်ဝတ်ကျေကြပါ၊ ကူညီရိုင်းပင်းကြပါ၊ ညှာညှာတာတာ ဆက်ဆံကြပါ၊ ကိုယ့်တစ်ရွာ တည်းသား ညီအစ်ကိုမောင်နှမတွေအချင်းချင်းလည်း ချစ်ချစ်ခင်ခင်နဲ့ စည်းကမ်းတကျ နေပါ။ ဘာသံညာသံ ဗရမ်းဗတာတွေ မကြားရပါစေနဲ့။ မူးတဲ့ကောင်တွေ ပွဲခင်းထဲ ဝင်မလာကြပါနဲ့၊ ဝင်လာလို့ အသံတွေထွက်လာရင် နောက်က 'ဆူးထောင်'ထဲ သွားအိပ် နေရမယ်မှတ်ပါ၊ ကိုယ့်ရွာဂုဏ်ကို ကိုယ်ဆောင်ပါ၊ နာမည်ပျက်မခံပါနဲ့"

ထိုညက မြနုနှင့် မိစံ နှစ်ပါးသွားမပြီးခင် ပြန်လာကြသည်။ လသာသာတွင် ရွာလမ်းမအတိုင်း လျှောက်လာခိုက် နောက်ဘက်မှ ပျံ့လွင့်လာသော ဇာတ်ဆိုင်းသံများကို နားထောင်ရင်း...

"သြော်...တို့ရွာစည်ကားနေတာ ဒီညနောက်ဆုံးပဲ၊ မနက်ဖြန်ခါကစပြီး ခါတိုင်းလို ပျင်းခြောက်ခြောက်ကြီး နေရပြန်ဦးတော့မှာ"

ဟူသော မိစံ၏ညည်းသံကို မြနု မတုံ့ပြန်မိ။

□

"ဘုန်းကျော်...ဘုန်းကျော်...မြနု...အရီးစိုး...မနိုးကြသေးဘူးလားဗျ"

ထရံကို တဗုန်းဗုန်းပုတ်သံနှင့်အတူ သူ့အမည် ခေါ်သံကြား၍ ဘုန်းကျော် ခေါင်းထောင်အထမှာ အဖေက အပြင်ခန်းက ထရံတံခါးကို သွားဖွင့်နေပြီဖြစ်သည်။

ဘယ်သူများပါလိမ့်ဟု တွေးကြည့်ရင်းက ပြန်အိပ်ရန် ကြိုးစားနေစဉ် အပြင် ဘက်မှ...

"ဗျို့ အရီးစိုး၊ ဘုန်းကျော်ရော...ဘုန်းကျော် အိပ်တုန်းလား"

ဟူသော အသံနှင့်အတူ...

"ဘယ်သူများလဲမှတ်တယ်၊ ဦးခက်ကြီးကိုး၊ စောစောစီးစီးပါလားဗျ၊ ဘာတွေ အရေးကြီးလာတုံး"

mgyoe.com

 mgyoe.com SAMPLE BOOK 

ကံကျောင်းမှ ကပ္ပိယကြီး ဦးခက်၏အသံကပါ ဘုန်းကျော်ထံသို့ ဝင်ရောက်လာသည်။

''ဘုန်းကြီး လွှတ်လို့ဗျ၊ ဘုန်းကျော်ကို အပါခေါ်ခဲ့တဲ့၊ အိပ်နေရင် နိုးခဲ့ဆိုပြီး ကျုပ်ကို နိုင်းလိုက်လို့ဗျ''

ဆိုတော့ ဘုန်းကျော် တုန်သွားသည်။ ဘုန်းကြီး စိတ်ထွက်နေပြီထင်၏။ ဦးဇင်းကိုတော့ ဘုန်းကျော် ကြောက်သည်။ မိုးမလင်းတလင်းကြီး ဘာလို့များ အခေါ်လွှတ်ပါလိမ့်၊ ပွဲကလည်း ပြီးနေမင့်ဟာဆိုပြီး ဇဝေဇဝါ ဖြစ်သွားသည်။

''ဟေ့ကောင် ဘုန်းကျော်၊ မင့်ကို ကျောင်းက ခေါ်လို့တဲ့၊ ထ…ထ…လိုက်သွားဦး''

အခန်းဝမှ အဖေ့အသံနှင့်အတူ ဘုန်းကျော် လူးလဲထလိုက်သည်။ ကမန်းကတန်း မျက်နှာသစ်ပြီး မြနုအခန်းဝမှနေ၍…

''မြနု…ညီမလေး လိုက်ခဲ့ဟာ၊ ဘုန်းကြီးခေါ်လို့တဲ့''

မြနုက အိပ်မှုန်စုံမွှားအသံနှင့်…

''တော့်ခေါ်တာ၊ ကျုပ်ခေါ်တာမှ မဟုတ်တာ၊ လိုက်နိုင်ပါဘူး၊ ညက ပွဲကြည့်ထားလို့ အိပ်ဦးမယ်''

ဆိုတော့ ဘုန်းကျော် ခေါင်းကုတ်ပြီး လှည့်ထွက်ခဲ့သည်။

''ဟေ့ကောင် သုတ်သုတ်လုပ်ကွာ၊ ဘုန်းကြီး စိတ်တိုနေဦးမယ်၊ မြန်မြန်လာ''

ကပ္ပိယဦးခက်က လောဆော်ရင်း ရှေ့က သုတ်ခြေတင်တော့ ဘုန်းကျော် အမိလိုက်ရသည်။

''လောင်တိုက်ကို ခေါ်တာကွ၊ ဘုန်းကြီးက လောင်တိုက်မှာ''

လောင်တိုက်ဆီအရောက်မှာတော့ ညက ဆရာတော်ဘုရား၏ အရိုးပြာများက ငြိမ်းအေးနေကြပြီဖြစ်သည်။ ဦးဇင်းက လောင်တိုက်ပြာပုံအနီးမှာရပ်ရင်း သူ့ကို စောင့်နေသည်။

''ဘုန်းကျော်''

''ဘုရား''

''မင်း ဘယ်နေ့ကရောက်လဲ''

''လဆန်းကိုးရက်နေ့ကပါဘုရား''

''အခု ဘာနေ့လဲ''

''လပြည့်ကျော် တစ်ရက်နေ့ပါဘုရား''

''ဆရာတော့်ကိစ္စမှာ မင်းလုပ်အား ဘာပါပြီးပြီလဲ''

''………..''

''ဟေ့ကောင် ပြောလေ၊ မင်း ဘာလုပ်ပြီးပြီလဲ''

mgyoe.com

mgyoe.com SAMPLE BOOK

''ဘာ…ဘာ…မှ…မလုပ်ရသေးပါဘူးဘုရား''

''ခွေးကောင်…ငမူး…သွား ဟောဟိုမှာ မြေသပိတ်ကိုယူ၊ ဆရာတော့်အရိုးပြာတွေကို အသာလေးကောက်ထည့်၊ ကိုယ့်ဆရာတော် ပျံလွန်လို့မှ မင့်လုပ်အား မပါဘဲ နေမှာစိုးလို့ ငါ သတိတရနဲ့ ခေါ်ရတာ၊ ကောက်…သေသေချာချာ ရိုရိုသေသေကောက်''

ပဌာန်းဆရာတော်၏ အမိန့်ဩဇာအောက်တွင် ဘုန်းကျော် ကလေးတစ်ယောက်ပမာ ရိုကျိုးလျက်ရှိ၏။ မြေသပိတ်ထဲတွင် အရိုးပြာများအားလုံး ရောက်သောအခါတွင် ဆရာတော့်ရှေ့တွင် ခြေစုံရပ်၍ တရိုတသေကပ်သည်။

''ငါ့မပေးနဲ့၊ ဟိုမှာ ဂူဗိမာန်အလှူဒကာမကို ပေးလိုက်၊ အလှူရှင်က လာကပ်လှည့်''

ဆိုပြီး ဘုန်းကြီးက ဂူဗိမာန်ဆီ ကြွသည်။ ဘုန်းကျော် ယောင်တောင်ပေါင်တောင်နှင့် ယခုမှ ဂူအေားတွင် ရပ်နေသော ခင်ထားကို လှမ်းမြင်သွားပြီး တုန့်တုန့်ယင်ယင်ကြီး ဖြစ်သွားသည်။

''ဟော့ကောင် သွားပေးလေ''

ဟု နောက်မှ ကပ္ပိယကြီးက သတိပေးလိုက်မှ ခင်ထားရှိရာ ဂူဗိမာန်ကလေးပေါ်သို့ ဖိနပ်ကိုချွတ်ကာ တက်ခဲ့ပြီး အရိုးမြေအိုးကို လှမ်းအပေးမှာ ခင်ထား၏မျက်ဝန်းများနှင့် ဆုံမိပြီး ရင်ထဲ ဖိုခနဲ ဖြစ်သွား၏။

ဘုန်းကျော် လှမ်းပေးသော မြေအိုးကို လက်အလှမ်းမှာ ရင်ထဲမှာ ဆူဝေသွားသော ခင်ထားမှာ သူ့အရင် ငါလှည့်ပြန်ရမယ်၊ ဒီတစ်ခါ သူ့အရင် ငါလှည့်ပြန်ရမယ် ဟူသော တမင်လုပ်ယူရသည့် မခံချင်စိတ်နှင့် ရှက်စိတ်များ ဆူဝေကာ ဆရာတော်အား အရိုးမြေသပိတ်ကို ဆက်ကပ်ပြီးပြီးချင်း ဆရာတော်ဘုရားကြီး၏ အရိုးအိုးကို ဂူထဲ ထည့်ပြီးသည်နှင့်တစ်ပြိုင်နက် သူ့ကို ကြောင်တောင်တောင်ကြီး ရပ်ကြည့်နေဆဲရှိသော ဘုန်းကျော်ရှေ့မှ သုတ်ခနဲလှည့်ကာ ပြေးထွက်ခဲ့ဖြစ်တော့သည်။

ခင်ထား၏ ကျောပြင်ကို နှမြောတသစွာကြည့်နေရင်းမှ ဘုန်းကျော် အတန်ကြာ၍ အိမ်ပြန်မည်အပြု ဂူဗိမာန်အဆင်းအတက်နေရာလေးတွင် မြေပြင်ကိုကြည့်ရင်း ငိုင်တွေနေမိစဉ် ဂူဝပိတ်သည်ကို စောင့်ဆိုင်းကြိုးကြပ်နေသော ဆရာတော်က သူ့ကို လှမ်းမြင်ပြီး-

''ဟော့ကောင် ဘာငိုင်နေတာလဲ၊ သွားချင်သွားတော့''

''တင်ပါ့…''

ဆိုပြီး သူ ဆက်ရပ်နေမိသည်။

''တင်ပါ့ဆို သွားလေကွာ၊ ဘာလုပ်နေတာလဲ၊ ဒီကောင် ငေါင်တောင်တောင်နဲ့''

''ခင်ထား…ခင်ထား''

သူ့နှုတ်မှ အထစ်ထစ် အငေါ့ငေါ့နှင့်…

''ခင်ထား တပည့်တော်ဖိနပ်တစ်ဖက် မှားစွပ်သွားလို့ပါဘုရား''

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်ရှက်နှင့် လှည့်ပြေးသွားသော ခင်ထား၏ ကတ္တီပါဖိနပ်အနီလေးနှင့် သူ့သားရေဖိနပ် အနက်တို့က မြေပြင်မှာယှက်လျက်…

ဆရာတော်က ဖိနပ်နှစ်ဖက်ကို လှမ်းကြည့်သည်။ ပြီးတော့…

"ဒါများကွာ မင်း လိုက်သွားပြီး လဲလိုက်ပေါ့"

"တင်ပါ့"

ဆိုပြီး ဘုန်းကျော် ယောင်နနနှင့် ဆက်ရပ်နေမိသည်။ ဆရာတော်က ခဏနေတော့ မျက်မှောင်ကြုတ်ပြီး…

"သွားလေကွာ၊ ဘာလုပ်နေတာလဲ"

ဟု ဆိုတော့မှ…

"တင်…တင်ပါ့ဘုရား"

ဘုန်းကျော် မြေပြင်ပေါ်မှ ဖိနပ်နှစ်ဖက်ကို ကောက်ကိုင်လိုက်မိတော့သည်။

□□□

mgyoe.com

mgyoe.com SAMPLE BOOK

# သဒ္ဒါရုံ

"ဘာ...ဘာပြောတယ် တာရာ၊ တိုင်းမေအောင် အဖေကို နင်က လက်ထပ်မယ် ဟုတ်လား"

ထိတ်လန့်ခက်ထန်စွာ အော်ဟစ်လိုက်တဲ့ မေမေ့အသံကို တာရာ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်းမှာ သည်တစ်ခါတည်း ကြားဖူးခဲ့သည်။

"ပြန်...ပြန်ပြောစမ်း တာရာ၊ အဲဒါ သမီး တကယ်ပြောတာလား"

စောစောကထက် မဆိုသလောက်သာ လျော့သွားသည့် မေမေ့အသံရဲ့ အဖျားမှာ လှုပ်ခတ်မှုတွေပါနေပြီး မေမေ့မျက်နှာကလည်း တဖြည်းဖြည်းနီယောင်သန်းလာသည်။ ဆက်မကြည့်ရက်တော့သဖြင့် တာရာ ခေါင်းငုံ့ချလိုက်သည့်ခဏ မျက်ရည်များ ဝဲတက်လာသဖြင့် မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း အားတင်းလိုက်ရသည်။

"သေသေချာချာ စဉ်းစားပြီးမှ စကားတစ်ခွန်းကို ပြောရတယ် တာရာ၊ အဲဒါ နင့်ဆုံးဖြတ်ချက်ပဲလား"

"ဟုတ်...ဟုတ်ပါတယ် မေမေ"

"ဘုရားရေ...နင် ဘယ်လိုအတွေးအခေါ်မျိုးနဲ့ အဲဒီဆုံးဖြတ်ချက်ကို ချလိုက်တာလည်း မိတာရာ၊ တိုင်းမေအောင် အဖေဆိုတာ နင့်အဖေထက် ဆယ်နှစ်လောက်ပဲငယ်တာ၊ ပြီးတော့ လူလွတ်လည်း မဟုတ်ဘူး၊ နင် ဒီလောက်ရွေးချယ်စရာ ရှားသလား"

မေမေ့အသံက သိသိသာသာ တုန်ယင်ပြီး ငိုသံစွက်လာတော့ တာရာ မော့

mgyoe.com

mgyoe.com SAMPLE BOOK

မကြည့်ရဲဘဲ မျက်ရည်များ စီးကျလာသည်။ မေမေ့ကို သနားပေမယ့် တာရာ ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်၊ မေမေ အဆုံးစွန် ပေါက်ကွဲပါစေ၊ တာရာ လည်စင်းခံဖို့ အသင့်ပင်။

"မှားပြီ…ငါတို့ မှားသွားပြီ…ရှားရှားပါးပါး သမီးလေးတစ်ယောက်တည်းရှိတာ၊ ပညာတွေ သည်လောက်တတ်အောင်သင်ပြီးမှ လိမ္မာရေးခြားရှိတယ်ဆိုပြီး အိမ်ထောင်ရေးကို လွတ်လပ်ခွင့်ပေးထားခဲ့တာ၊ သည်လောက် လွဲချော်သွားမယ် မထင်ခဲ့ဘူး"

ဒေါသတကြီး ဝမ်းနည်းစကားတွေနဲ့ မေမေ ဆောက်တည်ရာမရ ဖြစ်နေရှာပုံကိုတော့ တာရာ အလွန်သနားလှသည်။ သို့သော်…

'လောလောဆယ်တော့ ပေါက်ကွဲမှာပဲပေါ့ တာရာရယ်၊ တဖြည်းဖြည်း သွေးအေးသွားတော့လည်း ပြေလည်သွားမှာပဲ၊ ဘဝတစ်ခုကို တည်ဆောက်ဖို့ဆိုတာ နှလုံးသားပေါင်းများစွာနဲ့ ရင်းနှီးရတာပါ၊ တစ်နေ့မှာ အားလုံးစိတ်ချမ်းသာရပါစေ့မယ်လို့ ကိုယ်ရဲရဲကြီး ကတိပေးပါတယ်'

ဆိုသည့် ဦးအောင်အသံက နှလုံးသား၏တစ်နေရာတွင် ယုံကြည်မှုသံယောဇဉ်ကို ရစ်နှောင်ခိုင်မာစေလေသည်။

'မေမေရယ်၊ မေမေတောင် သည်လောက်ပေါက်ကွဲနေရင် ဖေဖေ့ကို ဘယ်လိုများ ရင်ဆိုင်ရဦးမှာပါလိမ့်၊ သမီး မေမြို့ပြန်လာပြီး မေမေတို့ဆီ ခွင့်လာတောင်းမိတာ မှားများသွားပြီလား'

ဟုပင် အတွေးရောက်မိသည်။

တာရာ၏ဘဝတွင် ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် မလုပ်တတ်ခဲ့သော ရဲရင့်သည့်စိတ်ဓာတ်များပင် ပျောက်ဆုံးလုလု ဖြစ်သွားတော့သည်။ သားအမိနှစ်ယောက်တည်းသာ ရှိနေသော အိမ်ခန်းကလေးထဲတွင် သောကကိုယ်စီနှင့် ရင်ဆိုင်ရသောကာလက အကျည်းတန်လှသည်။

မနေ့ကမှ ရန်ကုန်က ထွက်လာခဲ့သော တာရာအတွက် ယခု မေမြို့အိမ်သည် ခရီးရောက်မဆိုက်ဟုပင် ပြော၍ရသည်။ တာရာ ရောက်သည်နှင့် မေမေက တာရာ့အခန်းကို ပြင်ပြီးအသင့်ဖြစ်စေသည်။ အဝတ်အစားလဲပြီးသော်လည်း ခရီးဆောင်အိတ်နှင့် ပစ္စည်းပစ္စယတွေက နေသားတကျ မရှိသေး။ မေမေတို့ကို တိုင်ပင်စရာ ခွင့်တောင်းစရာ ရှိသည်ဟု ဖုန်းကြိုဆက်ထားသည်ကို မေမေက စိတ်စောပြီး ချက်ချင်းသိချင်စိတ်ကြောင့် ယခုလောက် မြန်မြန်အကျည်းတန်ကာလကို ရင်ဆိုင်ရခြင်းဖြစ်သည်။ ခဏနေတော့ မေမေ တာရာ့ကို ကျောခိုင်းပြီး အခန်းထဲက ထွက်သွားသည်။ ပြီးတော့ ဘေးကပ်လျက်က ဖေဖေနှင့် မေမေ၏ အိပ်ခန်းတံခါးဖွင့်သံ ကြားရသည်။ မေမေတစ်ယောက်တည်း မချိတင်ကဲနှင့် ငိုနေလိမ့်ဦးမည်ဟု တာရာ သဘောပေါက်လိုက်သည်။ အခါတိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK


မိမိပြန်လာလျှင် မေမေက အခန်းထဲအရောက်ပို့၍ သမီးနှင့် အလွမ်းသယ်ကာ တာရာ ပါလာသော ပစ္စည်းများကို မွှေနှောက်နေကျဖြစ်သည်။ ပြီးတော့ မီးဖိုချောင်နှင့် ထမင်းစားခန်းကို လူးလာခေါက်တုံ့ တစ်ယောက်တည်း စိတ်ကြိုက်စီစဉ်ချက်ပြုတ်ကာ တာရာကြိုက်သော စားဖွယ်သောက်ဖွယ်များနှင့် ဖေဖေ ပြန်လာချိန်မှာ မိသားစုသုံးယောက် စားမြိန်ဝိုင်းတွင် ပျော်ရွှင်စွာ စကားပြောရင်း အတွေ့အကြုံတွေ ဖလှယ်ကြသည်။ ထိုသို့သော အချိန်ကာလသည် ဖေဖေနှင့် မေမေအတွက်ရော တာရာ့အတွက်ပါ ပျော်ရွှင်စရာကောင်းသော ရှားပါးသည့်အချိန် ဖြစ်သည်။

ထိုနေ့မျိုးတွင် တာရာ ကြိုတင်ဖုန်းဆက်ထား၍ ဖေဖေကလည်း တတ်နိုင်သလောက် လုပ်ငန်းခွင်မှ စောစောပြန်လာတတ်သည်။ မေမေ့ဇာတိဖြစ်သော မေမြို့ရှိ နီညိုရောင်နှင့် အဝါရောင် အသွေးကျကျ ဒေလီယာပန်းတွေ ဝေဆာနေသော ခြံကြီးထဲမှ ခေတ်မီတစ်ထပ်တိုက်ပြားပြားကလေးသည် ဖေဖေ့စိတ်ကြိုက် ဆောက်ထားသော တာရာ ပျော်ရွှင်စွာ ကြီးပြင်းခဲ့ရသော ပန်းမြို့တော်၏ရင်ခွင် ဖြစ်သည်။

တာရာ တက္ကသိုလ်ရောက်တော့ မန္တလေးမှာ နှစ်နှစ် သွားတက်ပြီး ဖေဖေ့ညီအငယ်ဆုံး လေးလေးဇော်ကလည်း အတင်းခေါ်၊ တာရာကိုယ်တိုင်ကလည်း ရန်ကုန်တက္ကသိုလ် တက်ချင်သဖြင့် ရန်ကုန်သို့ ရောက်ခဲ့ခြင်းက ဦးအောင်တို့ သားအဖနှင့် တွေ့ဖို့အကြောင်းဖန်လာခြင်းပဲ ဖြစ်မည်ထင်သည်။ စီးပွားရေးလာဘ်မြင်၍ ဆောက်လုပ်ရေးကုမ္ပဏီ ဖွင့်ထားသော လေးလေးဇော်ကို ဝိုင်းကူရင်းက တာရာပါ စီးပွားရေးလောကထဲ ရောက်လာသောအခါတွင်တော့ ကျောင်းပြီးသော်လည်း ရန်ကုန်တွင်ပင် စီးပွားရေးဆက်လုပ်ဖြစ်ကာ မေမြို့သို့ ရံဖန်ရံခါသာ ပြန်ဖြစ်တော့သည်။ တစ်ဦးတည်းသောသမီးကို ကလေးတစ်ယောက်လိုသာ သဘောထားဆဲဖြစ်သော ဖေဖေနှင့် မေမေကတော့ မေမြို့နှင့် ရန်ကုန် ကူးချည်သန်းချည်။ ထို့ကြောင့် မေမေရော ဖေဖေပါ တိုင်းမေအောင်တို့သားအဖနှင့် ရင်းနှီးနေသော်လည်း တာရာနှင့် သည်လောက်ကြီး ပတ်သက်လာလိမ့်မည်ဟု ထင်ထားကြမည် မဟုတ်။ လေးလေးဇော်သူငယ်ချင်း အင်ဂျင်နီယာ ဦးတိုင်းအောင်ကို လူကြီးလူကောင်းတစ်ယောက်အဖြစ်ရော အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်အဖြစ်ပါ မေမေတို့ တလေးတစား နေရာထား ဆက်ဆံတာတော့ သေချာသည်။

တစ်အိမ်လုံးမှာ မေမေ့လှုပ်ရှားသံ တိတ်ဆိတ်နေတာကိုက တာရာအတွက် ချောက်ချားစရာ ဖြစ်နေသည်။ ဖေဖေ လာမည့်အချိန်ကိုပင် တာရာ ကြောက်နေမိသည်။

တာရာ ပင်ပန်းနွမ်းနယ်စွာ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ မနေ့က သည်အချိန်မှာ ရန်ကုန်ဘူတာကြီး၏ ပလက်ဖောင်းစင်္ကြံပေါ်တွင် ဦးအောင်တို့သားအဖနှင့် စကားပြောခဲ့ရသည်။ ထိုအချိန်က သူမမှာ သတ္တိတွေ ပါလာသလိုတော့ ရှိသည်။

ရထားထွက်ခါနီး ဦးအောင်က အဓိပ္ပာယ်ရှိသော မျက်ဝန်းအစုံနှင့် သူ့ကို စူးစိုက်ကြည့်ကာ လက်ပြနှုတ်ဆက်သော်လည်း တိုင်းမေအောင်ကတော့…

mgyoe.com

mgyoe.com

"မမတာရာ အောင်မြင်ပါစေ"
ဟု အားပေးလိုက်သေးသည်။

□

အတွေးကောင်းနေဆဲမှာ အိမ်ရှေ့ဘက်က ခြံတံခါးဖွင့်သံလိုလို ကြားလိုက်မိပြီး တစ်ဆက်တည်း...

"ဟော့...ဘယ်ရောက်နေကြလဲကွ၊ သားအမိတွေ ဘယ်အခန်းထဲမှာ အလွမ်းသယ်နေကြလဲ၊ အဖေကြီးကိုတောင် ထွက်မကြိုကြတော့ဘူးလား"

ဖေဖေ့အသံကြောင့် တာရာ့ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ အခန်းထဲမှ ခါတိုင်းလို ပြေးထွက်ပြီး ဖေဖေ့ကို ကြိုရမှာ လိပ်ပြာမလုံဘဲ ဝန်လေးနေခြင်းက ခန္ဓာကိုယ်တောင် မတ်စွာ လှုပ်ရှားမှုကို ရပ်တန့်စေသည်။ အိမ်ထဲသို့ ဖေဖေဝင်လာသည့်ခြေသံနှင့် မေမေ့အခန်းတံခါးဖွင့်သံကို စွင့်ထားသည့် နားစည်၌ တစ်ပြိုင်နက် ကြားလိုက်ရပြီး...

"ဟင်...မိုး...ဘာဖြစ်နေတာလဲ၊ သမီးရော...သမီး ဒီနေ့ရောက်တယ် မဟုတ်လား၊ မိုးက ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား၊ သမီး ဘယ်သွားလဲ၊ သမီးဖိနပ်လည်း တွေ့ခဲ့တာပဲ"

ဖေဖေ့အမေးကိုသာ ကြားရပြီး မေမေ့အမူအရာကို မမြင်ရသော တာရာမှာ နောက်ပိုင်း တစ်ဖက်ခန်းမှ စကားပြောသံတိုးတိုးနှင့် မေမေ့ငိုသံသဲ့သဲ့ကိုသာ နားစွင့်ရင်း နေမထိ ထိုင်မသာ ဖြစ်နေရသော ခံစားမှုကို တစ်သက်နှင့်တစ်ကိုယ် သည်တစ်ကြိမ်သာ ကြုံတွေ့ဖူးလေသည်။

ထိုအချိန်သည် ဖေဖေ့ကို မျက်နှာချင်းဆိုင်ရမှာ ဝန်အလေးဆုံးအချိန်ပင် ဖြစ်တော့သည်။ သို့သော် ဖေဖေ့ထံမှ အသံလုံးဝထွက်မလာ။ သူမအခန်းကို တံခါးခေါက်သံ၊ ခေါ်သံလည်း မကြားရပေ။ ဖေဖေ ဘယ်လိုနေမည်မသိ။ သည်ကာလကို လွန်မြောက်လို၍ ဦးအောင်ကို မကြာခင်က...

'တာရာနဲ့ ဦးအောင် လက်ထပ်ပြီးမှ ဖေဖေတို့ကို အသိပေးရင် မကောင်းဘူးလားဟင်၊ ဒါမှမဟုတ် လေးလေးဇော်ကို ဦးအောင် ရအောင်ပြောပြီး ဖေဖေတို့ စိတ်ဆိုးပြေမှ သွားကန်တော့ကြရင်ကော'

ဟု ဆိုတော့...

'မဟုတ်ဘူး တာရာ၊ ဦးအောင်လိုလူမျိုးနဲ့ လက်ထပ်ဖို့ကိစ္စဆိုတာ တာရာကိုယ်တိုင် အသိပေးပြီး ခွင့်တောင်းသင့်တယ်၊ မိဘတွေဘက်က သိပ်ပြီးခါးခါးသီးသီး ဖြစ်နေမယ်ဆိုရင်လည်း တာရာ တိုးသာ ဆုတ်သာ ရှိအောင်ပါ။ ဦးအောင်က သမီးပျို ရှိတော့ ကိုယ်ချင်းစာတာကတစ်ပိုင်း၊ တာရာကို ယုံကြည်တာက တစ်ပိုင်းကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK


သည်လိုတိုက်တွန်းရတာပါ။ ဘာပဲပြောပြော ဦးအောင်ကို သဘောတူမှာတော့ မဟုတ်တာ သေချာပါတယ်၊ တာရာ့ဆုံးဖြတ်ချက်ကိုပဲ ဦးအောင်က မျှော်လင့်ရမှာပါ'

ဦးအောင်နေရာမှာ သက်တူရွယ်တူ မဟုတ်တောင် အိမ်ထောင်ရေး အစွန်းအထင်း မရှိခဲ့သူတစ်ယောက်ဆိုလျှင်ဖြင့် ရင်းနှီးချစ်ကြည်စွာ မိဘလိုသာမက သူငယ်ချင်းလိုပါ ပြောရေးဆိုခွင့် ပေးထားသော ဖေဖေနှင့် မေမေကို တာရာ အပြုံးမပျက် ပြောပြနိုင်မည့်အကြောင်းအရာပင်။

''မမ…ခဏထွက်ခဲ့ပါဦးတဲ့၊ ဘဘကြီးက ခေါ်ခိုင်းလိုက်တယ်''

စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်ရင်း တစ်ပြိုင်နက် ပြောလိုက်သည့် အိမ်ဖော်ကလေးမလေး မိတူးကို မြင်လိုက်မှ တာရာ အိပ်ရာထက်မှ လူးလဲထလိုက်ရင်း လေးကန်သော ခြေလှမ်းများဖြင့် အပြင်ဧည့်ခန်းသို့ ထွက်ခဲ့သည်။

ဧည့်ခန်း၏ ထောင့်ကျကျ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်ရင်း စောင့်ဆိုင်းနေသည့် ဖေဖေ့သွင်ပြင်က ဒေါသအရိပ်အယောင်မပါဘဲ ညှိုးလျှနေသည်။ မေမေကတော့ အခန်းထဲမှ ထွက်ကို မလာသေးပေ။

''ကဲ…ထိုင်…သမီး၊ သမီးနဲ့ ဖေဖေ ဆွေးနွေးရအောင်''

တာရာ ဖေဖေ့ရှေ့တွင် ထိုင်ကာ ခေါင်းကိုငုံ့ထားမိသည်။

''သမီးမေမေ ပြောပြလို့ သမီး လာရင်းကိစ္စကို ဖေဖေ သိပြီးပြီ၊ သေချာတာကတော့ မိသားစုတွေ ခါတိုင်းလို ပျော်ရွှင်တဲ့ တွေ့ဆုံမှုမျိုး မဖြစ်တော့ဘူးပေါ့၊ ဒါပေမဲ့ သမီးကိုလည်း သိပ်ပြီးတော့ စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူး၊ သမီးဘဝရဲ့ ရှေ့ရေးကို သမီးဆုံးဖြတ်ပါလို့ ဖေဖေတို့က ပြောထားမိတာကိုး။ ဒါလည်း သမီးကို ယုံလို့ပါ။ တကယ်လို့သာ သမီးဟာ ပညာလည်း မပြည့်စုံသေးဘူး၊ တစ်မြို့တစ်နယ်မှာ ဖေဖေတို့ စိတ်ချထားလောက်အောင် လိမ္မာရေးခြားရှိတဲ့ မိန်းကလေးတစ်ယောက်လည်း မဟုတ်ခဲ့ဘူး ဆိုရင်တော့ တစ်မျိုးပေါ့။ အခုကိစ္စမှာတော့ သမီး သတိလက်လွတ်များ ဖြစ်သွားသလား ဆိုတာ ပြန်ပြီး ခေါင်းအေးအေးနဲ့ စဉ်းစားပါဦးလား''

''သမီး အကြိမ်ကြိမ် စဉ်းစားပြီးမှ ပြောတာပါ ဖေဖေ''

ဖေဖေ့ထံမှ သက်ပြင်းချသံတစ်ချက် ကြားလိုက်ရသည်။

''သမီးမေမေ သိပ်ပြီးစိတ်ထိခိုက်နေတယ်၊ ဖေဖေလည်း စိတ်မကောင်းဘူး၊ ငါ့သမီးနဲ့ မပြောမဖြစ်လို့ ပြောနေရတာ''

''ဦးအောင်က သမီးနဲ့ သက်တူရွယ်တူ လူပျိုမဟုတ်ပေမယ့် လူလွတ်တစ်ယောက်ပါ ဖေဖေ၊ အခြား ဘာများ သူ့မှာ ချို့ယွင်းချက်ရှိလို့လဲ၊ ရှိရင်တော့ သမီးလည်း စဉ်းစားမှာပေါ့''

''လူလွတ်ပေမယ့် အိမ်ထောင်နှစ်ခါ ကျခဲ့ဖူးတယ်၊ သမီးနဲ့ဆိုရင် သုံးကြိမ်မြောက်ဆိုတာရော သမီး သိရဲ့လား''

mgyoe.com

mgyoe.com
SAMPLE BOOK


"သမီး အားလုံးသိပါတယ် ဖေဖေ၊ သူက ရှုပ်တဲ့ပွေတဲ့လူ မဟုတ်ပါဘူး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် ပြတ်သားတဲ့လူပါ"

"သမီးရယ်"

ဖေဖေ တိုးညင်းစွာ ညည်းညူသည်။

"သမီး တစ်နေ့နေ့မှာ နောင်တမရပါစေနဲ့၊ သမီးကို ဖေဖေတို့က ရန်ကုန်ကို မပြန်နဲ့တော့ဆိုပြီး ပိတ်လှောင်ထားရမယ့်အရွယ်လည်း မဟုတ်တော့ဘူး။ သမီး လုပ်ချင်ရာလုပ် ဖေဖေတို့နဲ့ သေခန်းပြတ်ပဲလို့လည်း မပြောချင်ဘူး။ အဲဒီလို ပြောလိုက်ရင်လည်း အားလုံးမှ သုံးယောက်တည်းရှိတဲ့ မိသားစုဟာ တစ်ယောက်မှ စိတ်ချမ်းသာမှုရမှာ မဟုတ်ဘူး။ ဒီတော့ သမီး စဉ်းစဉ်းစားစား ဆုံးဖြတ်ပြီးလုပ်ပါ၊ မှားသွားရင် ပြင်မရတော့ဘူး။ ဖေဖေတို့က ငါ့သမီးရဲ့ဘဝ ဖြစ်လာတဲ့ အခြေအနေပေါ်မှာ အကောင်းဆုံးဖြစ်အောင် ရပ်တည်ပေးသွားမယ်လို့ပဲ နောက်ဆုံး ပြောရတော့မှာပဲ၊ အဲဒါ ဖေဖေတို့ရဲ့ မေတ္တာပဲ"

"ကျေး…ကျေးဇူးတင်ပါတယ် ဖေဖေ"

❑

တိုင်းမေအောင်သည် စံပယ်ပန်းချုံကလေးကို တစ်ယောက်တည်း ငေးကြည့်နေရင်းမှ မေမေနွယ့်ကို သတိရလာသည်။

'သည်လို စံပယ်ပန်းတွေ ပွင့်နေတဲ့အချိန်မှာဆို မေမေနွယ်က အခက်လိုက် ကလေးတွေခူးပြီး ဆံထုံးကလေးမှာ ထိုးစိုက်ပန်ထားတာ သိပ်ကြည့်လို့ကောင်းတာပဲ'

ဟု တွေးရင်း လွမ်းဆွတ်လာသည်။ စံပယ်ပွင့်ကလေးတွေ နံနက်စောစော ထခူးပြီး ဘုရားတင်တတ်တာ၊ ပန်းပွင့်ကလေးတွေကို မေမေနွယ် အဆင်သင့်ပြင်ပေးတဲ့ အပ်နဲ့ အပ်ချည်ကိုယ်စီနှင့် ညီမလေးတိုင်းဝေအောင်နှင့်အတူ ဘယ်သူ အရှည်ကြီးရမလဲ၊ ဘယ်သူ အရင်ပြီးမလဲနှင့် ပြိုင်ပြီးသီကြတာတွေကို သတိရရင်းမှ ဘဝခြားသွားသော ညီမလေးဝေ့ကို သတိရကာ မျက်ရည်များ ရစ်ဝိုင်းလာသည်။

ညီမလေးကြောင့်ပဲ ဖေဖေနှင့် မေမေနွယ် ဝေးခဲ့ကြသည်ပဲ။

ညီမလေး ဆုံးတဲ့နေ့က ဖေဖေ ခရီးထွက်ရာမှ ကသောကမျော ပြန်ရောက်လာပြီး မေမေနွယ်ကို စိတ်နာတဲ့မျက်လုံးတွေနဲ့ တင်းတင်းမာမာ စူးစူးစိုက်စိုက် ကြည့်နေသည်ကို တိုင်းမေအောင် တစ်သက်မမေ့တော့။ ညီမလေးအတွက် ကြေကွဲနေသည့်ကြားက ဖေဖေ့ကို ကြောက်ပြီး မေမေနွယ့်ကို သနားခဲ့ရသည်။

တိုင်းမေအောင်နှင့် တိုင်းဝေအောင် ဆိုသည့် အမြွှာညီအစ်မကို မွေးပြီးစမှာပင် မေမေ ဆုံးခဲ့သည်။ မေမေ့ကို ဓာတ်ပုံထဲမှာသာ မြင်ခွင့်ရပြီး မေမေနွယ့်ရင်ခွင်မှာ ကြီးပြင်းရသော တိုင်းမေအောင်မှာ ဖေဖေမှလွဲ၍ ညီမလေးဝေနှင့် မေမေနွယ်သာ

mgyoe.com

mgyoe.com

ဘဝမှာ တွယ်တာစရာ ရှိခဲ့သည်။

''ဒီသမီးလေးနှစ်ယောက်ဟာ ကျွန်တော့်အသက်ပဲ မမနွယ်၊ ကျွန်တော့်ကို ဂရုမစိုက်ချင်နေ၊ သမီးတွေကိုသာ ဂရုစိုက်ပါ၊ သမီးလေးတွေ စိတ်အားငယ်မှာ၊ သမီးလေးတွေ အလိုမကျမှာ ကျွန်တော် အကြောက်ဆုံးပဲ''

ဟု ပြောလေ့ရှိသော ဖေဖေ့ကို မေမေနွယ်က အပြုံးဖြင့်သာ တုံ့ပြန်ခဲ့သည်။ စကားနည်းသော မေမေနွယ်က ဖေဖေ့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်မပြောတတ်သော်လည်း ဖေဖေ့အပေါ်မှာ အလွန်တရာ ဂရုစိုက်သလို တိုင်းမေအောင်နှင့် ညီမလေးဝေ့ကိုလည်း မိခင်ရင်းနှင့်မခြား ပြုစုယုယတာ ဖေဖေမသိဘဲနေမည် မဟုတ်ပါ။ တစ်ခုပဲရှိသည်။ မေမေနွယ်က အထက်တန်းပြဆရာမ။ အလုပ်အပေါ် သံယောဇဉ်ကြီးသည်။ ဖေဖေက အလုပ်ထွက်ပြီး အိမ်မှာ သမီးတွေနှင့်ပဲ နေစေချင်ပေမယ့် မေမေနွယ်က သူ့ကျောင်းဆရာမအလုပ်နှင့် တပည့်တွေကို ခုံမင်ပြီး အလုပ်ကမထွက်။ အိမ်ထောင့်တာဝန်ကိုလည်း နိုင်အောင်ထိန်းသည်။ မေမေနဲ့ ဖေဖေ အိမ်ထောင်ကျစဉ်ကတည်းက ပါလာသော မမစန်းနှင့် အခြားအဖော်တစ်ယောက်က မေမေနွယ် စီမံခန့်ခွဲမှုဖြင့် မေတို့ညီအစ်မတာဝန်ကိုရော မီးဖိုချောင်တာဝန်ကိုပါ ကျွမ်းကျင်နိုင်နင်းအောင် လုပ်နိုင်သဖြင့်လည်း မေမေနွယ်က စိတ်ချခြင်းဖြစ်မည်ထင်သည်။ မေမေနွယ်က ဖေဖေ့ထက် ဆယ်နှစ်တိတိကြီးပြီး အိမ်နီးချင်းမောင်နှမတွေလို နေခဲ့ကြသူများဖြစ်သည်။ ဖေဖေ ကိုးတန်း ဆယ်တန်းကျောင်းသားဘဝတွေမှာ မေမေနွယ်ထံ ညစဉ် စာသွားကျက်ရပြီး မေမေနွယ်က ဖေဖေ့ကို စာသင်ပေးရင်း သံယောဇဉ် ဖြစ်နေခဲ့ကြပုံပေါ်သည်။

မေမေနွယ်မှာက ငယ်ငယ်ကတည်းက မိဘနှစ်ပါး မရှိတော့ဘဲ အဒေါ်များနှင့် ကြီးပြင်းခဲ့ကြောင်း သိရသည်။ မေမေ ဆုံးပြီး တိုင်းမေအောင်တို့ သုံးနှစ်သမီးအရွယ်မှာ ရင်းနှီးလက်စ ဖေဖေနှင့် မေမေနွယ်တို့ လက်ထပ်ကြသည်တဲ့။ မေ သိတတ်စတွင် ဖေဖေနှင့် မေမေနွယ်တို့ အိမ်ထောင်ရေးက အေးချမ်းပြီး ပျော်စရာကောင်းလှသည်။

ဖေဖေနှင့် မေမေနွယ်က ဝေနှင့် မေကို တစ်ယောက်စီချီ၍ အိမ်ရှေ့က ပန်းရုံကလေးနံဘေးမှာ ရိုက်ထားသော ဓာတ်ပုံကလေးမှာ ခုချိန်ထိအောင် မေ့ထံမှာ ရှိနေဆဲဖြစ်သည်။

တစ်ခါတစ်ရံ ဖေဖေနှင့် မေမေနွယ် စကားအချီအချ ပြောကြရသည့် အကြောင်းအရာက မေမေနွယ် အလုပ်ကိစ္စကြောင့်ပဲ ဖြစ်သည်။ ထိုအခါမျိုးတွင် မေမေနွယ်က ဖေဖေ့ကို ချော့မော့ပြီး သူ့ကျောင်းကလေးမှာ ပင်စင်ရသည်အထိ တာဝန်ထမ်းဆောင်ခွင့်ရရေးအတွက် စိတ်ရှည်လက်ရှည် ပေကတ်ပြီး ပြောသောအခါတွင်တော့ ဖေဖေ လက်လျှော့လိုက်ရသည်ချည်း ဖြစ်သည်။

အလုပ်ကိစ္စဖြင့် မကြာခဏ နယ်ထွက်ရသော ဖေဖေသည် တစ်ခါတစ်ရံ လချီပြီး ကြာတတ်သည်။ ထိုအခါ မေမေနွယ့်မှာ ဖေဖေ့ကို လွမ်းနေသော မေနှင့်

mgyoe.com

ဝေတို့ ညီအစ်မကို ယခင်ကထက်ပိုပြီး ဂရုစိုက်ပြုစု ယုယနေခဲ့သည်။ နံနက်စောစော စံပယ်ပန်းတွေ ဝိုင်းကောက်ကြပြီး ပန်းကန်ပြားအဖြူရောင်ကလေးထဲထည့်ကာ ဘုရားစင် ပေါ်တင်တိုင်း…

'သမီးမေနဲ့ သမီးလေးဝေ…လာကြ၊ ဘုရားမှာ ပန်းကပ်ပြီး ဖေဖေ့အတွက် ဆုတောင်းမေတ္တာ ပို့ကြမယ်၊ မေမေနွယ် တိုင်ပေးသလို လိုက်ဆို'

ဟု ပြောကာ ဘုရားရှိခိုး ပန်းကပ် ရေချမ်းကပ်ပြီးသည်နှင့်…

'ဘုရားတပည့်တော်တို့၏ မွေးသဖခင် ကျေးဇူးရှင်ကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အန္တရာယ်ကင်း ဘေးရှင်းပါစေ၊ ကောင်းမြတ်သော အလုပ်အကိုင် အကြံအစည်များ အောင်မြင်၍ စီးပွားတိုးတက်ပါစေ၊ မိသားစုထံ အမြန်ဆုံး ပြန်ရောက် ပါစေ'

ဟု ဖေဖေ့အတွက် ဆုတောင်းပေးမြဲ ဖြစ်သည်။

ထိုအခါများတွင် မေမေနွယ်က မေတို့အတွက် အချိန်ပိုပေး၍ ကျောင်းကို အချိန်နှီးကပ်မှသွားကာ စောစောပြန်လာလေ့ ရှိသည်။

ညနေ ကျောင်းကပြန်လာသော အဖြူနှင့် အစိမ်းဝတ်စုံနှင့် ဆွဲခြင်းကလေး ကိုင်လာသော မေမေနွယ်ကို အဝေးက မြင်ရသည်နှင့်ပင် မေနှင့် ဝေတို့က ခြံပြင်သို့ ပြေးထွက်ပြီး ကြိုကြမြဲဖြစ်သည်။ ပြီးလျှင်တော့ သူတို့ညီအစ်မ ကြိုက်နှစ်သက်သော မုန့်တစ်မျိုးမဟုတ်တစ်မျိုး ပါလာတတ်သည်။ မေမေနွယ့်ဆွဲခြင်းကလေးကို ဆွဲယူကာ အမောတကော မွှေနှောက်လုယက်နေကြသော မေနှင့် ဝေတို့ ညီအစ်မရဲ့ လှုပ်ရှားမှုတွေကို တော့ ဖေဖေ မြင်ခဲ့ဖူးမည် မဟုတ်ပါ။

'ဒီသမီးနှစ်ယောက်ဟာ ကျွန်တော့်အသက်ပဲ'

ဟု ပြောလေ့ရှိသော ဖေဖေကိုယ်တိုင်ကတော့ မေ့ဆီမှာရှိသော ဓာတ်ပုံကလေးမှ အပ မေ လူမှန်းသိသည့်အချိန်ကစလို့ ဘယ်တော့မှ သမီးတွေကို ချီပိုးနမ်းရှုပ်ကာ ပွတ်သီးပွတ်သပ်နေတာကို မကြုံခဲ့ရပါ။ ဖေဖေက အနေတည်သဖြင့် တိုင်းမေအောင်ရော တိုင်းဝေအောင်ပါ ဖေဖေထက် မေမေနွယ့်ကို ပိုကပ်သည်။ တစ်ခုတော့ ရှိပါသည်။ ဖေဖေက စီးပွားရေးထဲကို အမြဲတမ်း အာရုံရောက်နေပြီး သမီးတွေနှင့် အိမ်အတွက် ငွေကို လိုလေသေးမရှိအောင်သုံးပြီး အိမ်ထောင်ဦးစီးတစ်ယောက်၏ တာဝန်ကို မလစ် ဟင်းအောင် ဦးဆောင်နိုင်စွမ်းရှိသည်။

ဖေဖေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မေမေနွယ်မှာ မနက်တိုင်းစောစောထ၊ ဈေးပြေးပြီး စားရေးသောက်ရေး စီစဉ်ရသည်သာ ဖြစ်သည်။ ဖေဖေရှိသောရက်များတွင် ငရုတ်သီးကြိုက်သည့် ဖေဖေ့အတွက်တစ်မျိုး၊ ငရုတ်သီး လုံးဝမစားနိုင်သော တိုင်းမေ အောင်တို့ညီအစ်မအတွက်တစ်မျိုး ကိုယ်တိုင်ချက်ပြုတ်ပြီး ချွေးတလုံးလုံးနှင့် မီးဖိုချောင် ထဲမှာ ကျေနပ်အောင် စီမံညွှန်ကြားပြီးမှ ရေမိုးချိုးကာ ကျောင်းကို အပြေးအလွှား

mgyoe.com

mgyoe.com
SAMPLE BOOK


သွားရလေ့ရှိသော်လည်း ရင့်ကျက်တည်ငြိမ်ပြီး ကိုယ်နေဟန်အချိုးကျသော မေမေနွယ် အလှက ဣန္ဒြေရရနှင့် ချစ်စရာကောင်းနေသည်။ ဖေဖေ့ထက် ဆယ်နှစ်ကြီးသည်ဆိုခြင်း ကို မပြောလျှင် ဘယ်သူမှ ယုံမည်မဟုတ်။ မေမေနွယ်က ပင်ပန်းသော်လည်း နုနယ်လွန်း သည်။ ထဘီအစိမ်း၊ အင်္ကျီလက်ရှည်အဖြူနှင့် နောက်တွဲဆံထုံးမှာ စံပယ်ပန်းကလေးတွေ ပန်ထားသည့်အသွင်၊ မေမေနွယ်၏ အသားဝါဝါလေးနှင့် ရှင်းပြီးသန့်နေသည်။ မေမေနွယ် ၏ ကိုယ်နံ့သင်းသင်းကို တိုင်းမေအောင်ထက် ညီမလေးဝေက ပိုမိုရှူရှိုက်ခွင့်ရသော်လည်း လောက၏ ကံကြမ္မာ အလှည့်အပြောင်းက မေမေ့နွယ်ကိုရော တိုင်းဝေအောင်ကိုပါ ဖေဖေနှင့် ဝေးရာဆီ တွန်းပို့ခဲ့သည်။

တစ်နေ့မှာတော့ ဘယ်လိုမှ မျှော်လင့်မထားသော ဖြစ်ရပ်ကလေးတစ်ခုက သူတို့မိသားစုထဲသို့ အကျည်းတန်စွာ ဝင်ရောက်ခဲ့သည်။

'မမမေရေ…မေမေနွယ် ကျောင်းက ပြန်လာပြီ'

ဟု အော်ပြောလိုက်သော ဝေ၏အသံနှင့်အတူ ခြံပြင်ကို ပြေးထွက်သွားတဲ့ ဝေ့ကို တိုင်းမေအောင် ဧည့်ခန်းထဲမှ လှမ်းမြင်လိုက်ရသည်။ အဝေးက မြင်နေကျ မေမေနွယ် လမ်းလျှောက်လာဟန်နှင့် ထွက်သွားသော ညီမလေးဝေ၏ ပုံရိပ်သည် နောင် ဘယ်သောအခါမှ မြင်နိုင်ခွင့် ကြုံတော့မည်မဟုတ်သောလှုပ်ရှားမှု ဆိုသည်ကို တိုင်းမေအောင် ထိုစဉ်က ယောင်၍မျှ မတွေးမိခဲ့တာ သေချာပါသည်။

တိုင်းဝေအောင်နောက်က တိုင်းမေအောင်လည်း ထွက်လိုက်သွားသည်။ မေမေ နွယ်အနီး တိုင်းဝေအောင် မရောက်ခင်မှာပင် လမ်းကြောင်းတည့်တည့် မနင်းဘဲ ကွေ့ ကောက်စွာ တရစပ် စီးနင်းလာသော စက်ဘီးတစ်စီး၏ ဆူညံသော ဘဲလ်သံနှင့်အတူ…

'သမီး…နောက်မှာ စက်ဘီး…စက်ဘီး'

ဟု လှမ်းအော်လိုက်သော မေမေနွယ် သတိပေးသံကြောင့် တိုင်းမေအောင်ရော တိုင်းဝေအောင်ပါ ကြောက်လန့်တကြားနှင့် လမ်းဘေးသို့ဆင်းပြီး ရှောင်လိုက်ကြသည်။ ဖြစ်ချင်တော့ တိုင်းဝေအောင် ရောက်နေသောနေရာက လမ်းဘေးဘက်မှာ နိမ့်ကျနေပြီး အောက်ဘက်ပိုင်းတွင် ကျောက်ခဲအကျိုးအပဲ့များ ပုံထားသောနေရာဖြစ်သည်။ ခြေချော် ကျသွားပြီး ကျောက်ခဲနှင့် ဦးခေါင်း ထိမိသွားဟန်တူ၏။ ဒဏ်ရာမပေါ် မကွဲမရှ သွေးမထွက်သော်လည်း ရုတ်တရက် သတိလစ်သွား၍ မေမေနွယ်က ဝေ့ကိုပွေ့ကာ တိုင်းမေအောင်က မေမေနွယ့်ဆွဲခြင်းကလေးကိုယူပြီး အိမ်ပြန်ခဲ့ကြသည်။ အိမ်ရောက် သည်နှင့် မေမေနွယ်က မိသားစုဆရာဝန်ကိုခေါ်တော့ ဆရာဝန်က ဆေးရုံတင်ခိုင်းသည်။ ခရီးထွက်နေသော ဖေဖေ့ကို လှမ်းအကြောင်းကြားချိန်တွင်တော့ ညီမလေးတိုင်းဝေအောင် ၏ ဦးနှောက်တွင် သွေးခဲသွားကြောင်း သိလိုက်ရ၍ မေမေနွယ်ရော တိုင်းမေအောင်ပါ ကြောက်လန့်တကြားနှင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ကြသည်။ ဖေဖေရောက်တော့ ဝေ့ အသက်ကို မမီတော့ပေ။ ဆယ်နှစ်အရွယ် သမီးငယ်ကို ပွေ့ပိုက်ပြီး ရှိုက်ကြီးတငင်

mgyoe.com

mgyoe.com  SAMPLE BOOK 

ငိုချလိုက်သော ဖေဖေ့အသွင်သဏ္ဌာန်ကို တိုင်းမေအောင် သည်တစ်ခါ တွေ့ဖူးလိုက်ပြီး ဖေဖေ့ကို ကြည့်ရင်းက သူပါ ငိုရှိုက်နေမိကြောင်း သူ့ကိုယ်သူပင် သတိမထားမိလိုက်ပါ။ သူ တဖြည်းဖြည်း သတိထားမိလာသည်မှာ ထိုကတည်းက မေမေနွယ်ကို ဖေဖေ စကားမပြောတော့ခြင်းကိုပဲ ဖြစ်သည်။

အိမ်မှာ မေမေနွယ် ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းဟင်းကို ဖေဖေ မစားတော့။ စားချင်လျှင် မမစန်းကို ပြင်ခိုင်းသည်။ သူစားချင်တာကို မမစန်းကို လုပ်ခိုင်းသည်။ များသောအားဖြင့်တော့ အပြင်မှာ စားသည်က များသည်။

တိုင်းမေအောင်အတွက် စိတ်အထိခိုက်ရဆုံးအချိန်တွေကတော့ မေမေနွယ် ကျောင်းကပြန်လာချိန်များဖြစ်သည်။ မေမေနွယ် ကျောင်းပြန်လာချိန်တွင် တိုင်းမေအောင် ပြေးထွက်မကြိုတော့။ ခြံဝကပင် ဆွဲခြင်းကလေးကို လှမ်းမယူနိုင်တော့ပါ။ ညီမလေးကို လွမ်းတာကတစ်ကြောင်း၊ ဖေဖေ့ကို ကြောက်တာကတစ်ကြောင်းဖြစ်သည်။ မေမေနွယ်က လည်း လေးကန်သော ခြေလှမ်းများနှင့် နွမ်းလျရိဝေသော မျက်ဝန်းများဖြင့် ခေါင်းငိုက် စိုက်ချကာ ခြံဝင်းတံခါးကို တွန်းဖွင့်ဝင်လာမြဲ ဖြစ်သည်။

မေမေနွယ်နှင့် ဖေဖေတို့၏ တအုံ့နွေးနွေး အိမ်ထောင်ရေးကို တိုင်းမေအောင် ကာလကြာရှည် သတိထားမိသော်လည်း နေသားကျသွားပြီဟု ထင်သည့်အခါတွင်မှ ဖေဖေက ထဖောက်သည်။ ဖေဖေ သည်မျှအမှတ်သည်းခြေကြီးသည်ကို တိုင်းမေအောင် အံ့သြရသည်။ တိုင်းမေအောင် ရှစ်တန်းစာမေးပွဲဖြေအပြီး နယ်မြို့ကလေးတစ်မြို့တွင် ဆောက်လုပ်ရေးကန်ထရိုက်ရသော ဖေဖေက ခရီးထွက်ခါနီးတွင် တိုင်းမေအောင်ကို လိုက်ခဲ့ရမည်ဟု ဆိုသောအခါ ဖေဖေနှင့် တစ်ခါမျှ ခရီးမသွားဖူးသည့် တိုင်းမေအောင် အပျော်ကြီး ပျော်သွားသည်။ သို့သော် ထိုနေ့ညမှာပင် ဖေဖေနှင့် မေမေနွယ့်အခန်းမှ ရန်ဖြစ်သံ၊ မေမေနွယ်၏ ငိုယိုသံကို ကြားရ၍ တိုင်းမေအောင် အခန်းဝရှိ ခန်းဆီးနောက် ကွယ်မှနေ၍ သွားပြီး ဖေဖေတို့ကို ချောင်းကြည့်လိုက်မိသည်။ ဖေဖေက ခုတင်ဘေး ပက်လက်ကုလားထိုင်တွင် မထီတရီ မျက်နှာထားနှင့် အေးစက်စက်ထိုင်နေပြီး မေမေနွယ် က သည်းသည်းထန်ထန် ငိုထားပုံရသည်။

"အောင် ဘယ်လိုသဘောနဲ့ သည်လိုလုပ်တာလဲ၊ မမနွယ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ အောင် ညှဉ်းဆဲလွန်းလို့ မမနွယ် စိတ်ဆင်းရဲခဲ့ရတဲ့အချိန်တွေလည်း မနည်း တော့ပါဘူး"

"ဩော် သမီးတစ်ယောက်လုံး ဆုံးရှုံးတဲ့လူတစ်ယောက် စိတ်ဆင်းရဲဖို့အချိန် လည်း ထားပါဦး၊ ကိုယ့်ကိုယ်ကိုယ် နင်းကန်ပြီး သနားမနေပါနဲ့"

"အောင် မမနွယ်ကို မကျေနပ်လို့ လက်စားချေနေတာလား၊ ဝေ့ကို မမနွယ် လည်း သမီးအရင်းလေးလိုချစ်တာပါပဲ၊ ကံကြမ္မာက ဒီလိုဖန်တီးလာတာ မမနွယ် ဘယ်တတ်နိုင်ပါ့မလဲ၊ အောင် ခံစားရသလို မမနွယ်လည်း ခံစားနေရတာပဲ"

mgyoe.com

mgyoe.com  SAMPLE BOOK 

“ဟုတ်လား၊ ကံကြမ္မာက ဒီလိုပဲ ဖန်တီးလာတာလား၊ တကယ်လို့ မမနွယ်သာ ကျွန်တော်ပြောသလို ကျောင်းထွက်ပြီး သမီးတွေနဲ့ အိမ်မှာနေရင် အဲဒီကံကြမ္မာကြီးက ဖန်တီးလို့ရပါဦးမလား၊ အခု ကျောင်းကပြန်လာတဲ့ ခင်ဗျားကို ပြေးကြို့ရင်းနဲ့ ကျွန်တော့် သမီး သေရတာလေ”

“တော်ပါတော့ အောင်ရယ်၊ အဲဒီကိစ္စကို မမနွယ်လည်း မေ့ဖျောက်လို့ မရပါဘူး၊ အောင် လွမ်းသလို ဝေလေးကို မမနွယ်လည်း လွမ်းတာပဲ၊ အခု အောင်က မေ့ကိုပါ မမနွယ်နဲ့ ခွဲထုတ်သွားဦးမယ်ဆိုတော့ အောင် မရက်စက်လွန်းဘူးလား”

“ဒါ ရက်စက်တာမှ မဟုတ်ဘဲ၊ ကျွန်တော့်မှာ ဒီသမီးတစ်ယောက်တည်း ကျန်တော့တာ၊ မမနွယ်နဲ့ စိတ်ချလက်ချ မထားခဲ့ရဲတော့ဘူးလေ၊ ဒီတစ်ခါ ထပ်ဖြစ်ရင် ကျွန်တော် ရူးလိမ့်မယ်”

“ဩော်…မမနွယ်တော့ ရူးချင် ရူးပါစေပေါ့နော်”

“အဖေအရင်းလောက်တော့ ဘယ်သူမှ မချစ်နိုင်ပါဘူးဗျာ၊ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောမနေပါနဲ့”

ထိုသို့ပြောလိုက်သော ဖေဖေ့ကို ဝိုင်းစက်သွားသော မျက်လုံးများနှင့် မေမေနွယ် စူးစိုက်ကြည့်သည်။ မေမေနွယ် အတော်လေး ကြေကွဲသွားပုံရပါသည်။ လက်ဖဝါးပေါ် မျက်နှာမှောက်ချရင်း မေမေနွယ် ဝမ်းပန်းတနည်း ငိုရှိုက်လိုက်တာကို ခန်းဆီးနောက်က ချောင်းကြည့်ရင်း မြင်နေရသည်။ အတန်ကြာမှ မေမေနွယ်က စိတ်လျှော့လိုက်ဟန်ဖြင့် မျက်ရည်သုတ်ကာ ဖေဖေရှိရာ ပက်လက်ကုလားထိုင်ဆီသို့ ထသွားပြီး ဖေဖေ့ပခုံးပေါ် လက်တင်ကာ အသနားခံသလို ပုံစံဖြင့်…

“မမနွယ်လည်း လိုက်ခဲ့ပါရစေ အောင်ရယ်နော်၊ ကျောင်းလည်းပိတ်ထားတာပဲ ဟာ”

ဆိုတော့ ဖေဖေက မေမေနွယ့်လက်ကို ပုတ်ချလိုက်ရင်း…

“ကြီးကောင်ကြီးမားနဲ့ ယောကျ်ားနောက်က တကောက်ကောက်လိုက်ချင်နေတာ မရှက်ဘူးလား၊ ကျွန်တော်က ခင်ဗျားနဲ့နေရတာ စိတ်ညစ်လို့ ခင်ဗျားနဲ့ဝေးတဲ့နေရာကို တမင်ရွေးပြီးသွားမှာ”

ဆိုတော့ မေမေနွယ် တအံ့တသြနဲ့ ဖေဖေ့မျက်နှာကို ငေးကြောင်ပြီး ကြည့်နေတာကို မြင်ရသည့် တိုင်းမေအောင် မေမေနွယ့်ကို သနားလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ ရင်ထဲတွင်ပင် ဆို့နင့်သွားသည်။

❑

ဖေဖေနှင့် ခရီးထွက်လျှင် အလွန်ပျော်စရာကောင်းမည်ဟု ထင်ခဲ့သော တိုင်းမေ

mgyoe.com